# အမျိုးသားကျန်းမာရေးအာမခံ လမ်းညွှန်စာအုပ် ၂၀၁၉



## အာမခံကုမ္ပဏီတွင် အာမခံလုပ်ထားပါက

၁၄ ရက်အတွင်း အမျိုးသားကျန်းမာရေး အာမခံကောင်တာ သို့မဟုတ်စာတိုက်မှတစ်ဆင့်ကျန်းမာရေး အာမခံကို ရပ်ဆိုင်းခြင်းနှင့်ပက်သက်၍ လုပ်ဆောင်ရမည်။ လုပ်ဆောင်ရန် နှောင့်နှေးနေပါကအာမခံခ ဆက်လက်ကျသင့်နေမည်ဖြစ်ပြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးသို့ ငွေပေးချေရမည့် တာဝန်လည်း ကျန်ရှိနေမည် ဖြစ်သောကြောင့် ငွေပေးချေရန် သတိပေးစာများ ရောက်လာမည် ဖြစ်သည်။ တစ်ဖန်အာမခံသွင်းငွေ ပမာဏကိုလည်းမပြောင်းလဲနိုင်ဘဲ ပြန်အမ်းငွေများ ရနိုင်တော့မည်မဟုတ်ပါ။ အာမခံကုမ္ပဏီမှ အမျိုးသားကျန်းမာရေးအာမခံဌာနသို့ ဆက်သွယ်ပေးမည် မဟုတ်သောကြောင့်မိမိကိုယ်တိုင် လုပ်ဆောင်ရရမည်။

## တိုရှိမမြို့နယ်

ミャンマー語

2019

# မာတိကာ


1. အမျိုးသားကျန်းမာရေးအာမခံစနစ်ဆိုသည်မှာ ........ 1
2. အမျိုးသားကျန်းမာရေးအာမခံဖွဲ့စည်းတည်ဆောက်ပုံ ........ 2
3. အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်ထားသူ၏ အထောက်အထားစာ (အာမခံကတ်ပြား) ........ 2
4. အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်သည့်အခါ ........ 4
5. အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းသည့်အခါ ........ 7
6. အခြားလုပ်ငန်းဆောင်တာများ ........ 9
7. လျှောက်ထားစဉ်ကာလအတွင်း ဝင်ငွေကြေငြာရန် မေတ္တာရပ်ခံခြင်း ........ 9
8. အာမခံကြေး ........ 10
9. အာမခံကြေးစည်းကြပ်ငွေပမာဏအားလျှော့ချခြင်းနှင့် ပတ်သက်၍ ........ 14
10. အာမခံကြေးငွေပေးချေသည့်နည်းလမ်း ........ 15
11. အာမခံကြေးငွေမပေးချေလျှင် ........ 17
12. အာမခံထောက်ပံ့ကြေးနှင့်ပတ်သက်၍ ........ 19
13. အာမခံဖြင့် မခံယူနိုင်သည့် ဆေးကုသမှု ........ 20
14. ဆေးကုသမှုစရိတ် ........ 21
15. မြင့်မားသော ဆေးကုသမှုစရိတ် ........ 23
16. ကလေးမွေးဖွားခြင်းနှင့်ပြုစုခြင်းအတွက် ယာယီထောက်ပံ့ကြေး ........ 23
17. သူနာပြုစုစောင့်ရှောက်မှုအာမခံစနစ် ........ 25
18. ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ........ 25
19. အထူးကျန်းမာရေးစစ်ဆေးမှု၊ အထူးကျန်းမာရေးလမ်းညွှန် ........ 26
20. ဆီးချိုရောဂါကာကွယ်ရေးအတွက်ကျန်းမာရေးစောင့်ရှောက်မှုလမ်းညွှန် ........ 27
21. နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ် ........ 28


※ ဤစာအုပ်၏အကြောင်းအရာသည် ၂၀၁၉ ခုနှစ် ဧပြီလ ထုတ်ဖြစ်သည်။

# 1. အမျိုးသားကျန်းမာရေးအာမခံစနစ်ဆိုသည်မှာ

ကျွန်တော်တို့သည် အမြဲတမ်းကျန်းမာရေးကောင်းမွန်သော်လည်း မည်သည့်အချိန်တွင် မည်ကဲ့သို့သောရောဂါ၊ ထိခိုက်ဒဏ်ရာတို့ ရရှိနိုင်မည်ကို မသိရှိနိုင်ပါ။ ရောဂါနှင့် ထိခိုက်ဒဏ်ရာတို့ရရှိပြီး ဆေးကုသမှုဌာနများ (ဆေးရုံ စသည်) တွင် ဆေးကုသမှုကို ခံယူလျှင် ငွေကြေးကုန်ကျမည်ဖြစ်ပါသည်။ ဆေးကုသစရိတ် မြင့်မားသောကြောင့် ဆေးကုသမှုဌာနများ၌ ဆေးကုသမှုမခံယူနိုင်ခဲ့လျှင် ဒုက္ခရောက်မည်ဖြစ်ပါသည်။

ဆေးကုသမှုစရိတ်ပေးချေရသောဝန်ထုတ်ဝန်ပိုးကို အနည်းငယ်မျှပင်ဖြစ်စေ ပေါ့ပါးစေရန်အတွက် ဝင်ငွေအသီးသီး ပေါ်တွင်မူတည်ပြီးပေးဆောင်ရမည့် အာမခံကြေးငွေကို ပုံမှန်အတိုင်း ထည့်ဝင်ပေးချေစေပြီး ရောဂါ၊ ထိခိုက်ဒဏ်ရာရရှိမှုတို့ကို ကုသရန်အတွက် ပူးပေါင်းကူညီပေးသောစနစ်သည် လူမှုရေးအာမခံစနစ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသော နိုင်ငံခြားသားများသည်လည်း လူမှုရေးအာမခံစနစ် အောက်တွင်ရှိသည့် နေရာအနှံ့အပြားတွင် ဖွင့်လှစ်ထားသော ပြည်သူ့ကျန်းမာရေးအာမခံဌာန များတွင် အာမခံမဝင်ရောက်ထားလျှင်မရပါ။ အာမခံဝင်ရောက်ထားသူ (အဖွဲ့ဝင်ထားသူ)သည် အာမခံကြေးငွေကို ပေးဆောင်သည့်အတွက် ရောဂါနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် ကျန်းမာရေးအာမခံဖြင့် ဆေးကုသမှုကို ခံယူနိုင်သည့် အခွင့်အရေးရှိပါသည်။

အမျိုးသားကျန်းမာရေးအာမခံ သည် ထိုလူမှုရေးအာမခံစနစ်၏ အမျိုးအစားတစ်ခု ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ခြင်းနှင့် အာမခံဝင်ရောက်ထားခြင်းမှ နုတ်ထွက်သည့် လုပ်ငန်းဆောင်တာ အဝဝအား ၁၄ ရက်အတွင်းတွင် မဖြစ်မနေ လုပ်ဆောင်ပါ။
(စာမျက်နှာ-၄ မှ စာမျက်နှာ-၉ တွင်ကိုးကားရန်)

※ ကျန်းမာရေးအာမခံကို ရပ်ဆိုင်းခြင်းနှင့်ပက်သက်၍ လုပ်ဆောင်ရန် နှောင့်နှေးနေပါက အာမခံခ ဆက်လက်ကျသင့်နေမည်ဖြစ်ပြီး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးသို့ ငွေပေးချေရမည့် တာဝန်လည်း ကျန်ရှိနေကာ ငွေပေးရန်ပျက်ကွက်မှုများ ဖြစ်တတ်သည်။(စာမျက်နှာ-၁၇ မှ စာမျက်နှာ-၁၈ တွင်ကိုးကားရန်)

## 2. အမျိုးသားကျန်းမာရေးအာမခံဖွဲ့စည်းတည်ဆောက်ပုံ

လူကြီးမင်းတို့နေထိုင်သည့် စီရင်စုနယ်အသီးသီးနှင့် မြို့၊ မြို့နယ်၊ ကျေးရွာအသီးသီးတို့ကို အာမခံသူအနေဖြင့် အမျိုးသားကျန်းမာရေးအာမခံအား အကောင်အထည်ဖော်လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။ လူတိုင်းဆေးကုသမှုဌာနများသို့ သွားရောက်လျှင် ဆေးကုသမှုကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းကိုသာ ပေးချေရုံဖြင့် ဆေးကုသမှုကို ခံယူနိုင်ပါသည်။

## 3. အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်ထားသူ၏ အထောက်အထားစာ (အာမခံကတ်ပြား)

### (1) အာမခံကတ်ပြားကို သေချာစွာထိန်းသိမ်းရန်

အာမခံကတ်ပြားသည် အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်ထားသူဖြစ်ကြောင်း သက်သေခံသည့် ကတ်ပြား ဖြစ်ပါသည်။ ထို့ပြင် ဆေးကုသမှုဌာနများတွင် အာမခံဖြင့် ဆေးကုသမှုကို ခံယူသည့်အခါတွင် မရှိမဖြစ်လိုအပ်သည့်အရာ ဖြစ်ပါသည်။

အာမခံကတ်ပြားသည် အာမခံဝင်ရောက်ထားသူတစ်ယောက်လျှင် ၁ ကတ်နှုန်းဖြင့် ထုတ်ဝေပေးသော ကိုယ်ပိုင်သုံးကတ် ဖြစ်ပါသည်။

※ အသက် ၇၀ ပြည့်လျှင် သက်ကြီးရွယ်အိုအကျိုးခံစားခွင့်ကတ်ပြားကို ထုတ်ပေးမည်ဖြစ်ပါသည်။

အသက် ၇၀ ပြည့်လျှင် မွေးလ၏ နောက်လ (၁ ရက်နေ့တွင် မွေးနေ့ကျရောက်သောသူသည် မွေးလ) မှစတင်အကျုံးဝင်ပြီး၊ မိမိပေးချေရမည့် အာမခံကြေးငွေအချိုးအစားကို ဖော်ပြထားသော "အမျိုးသားကျန်းမာရေးအာမခံ သက်ကြီးရွယ်အိုအကျိုးခံစားခွင့်ကတ်ပြား" ကို ထုတ်ပေးမည်ဖြစ်ပါသည်။ အာမခံကတ်ပြားနှင့်အတူတကွ သေချာစွာထိန်းသိမ်းရမည်ဖြစ်ပါသည်။

### (2) ဆေးကုသမှုဌာနများတွင် ဆေးကုသမှုကိုခံယူသည့်အခါတွင် ပေးအပ်မှုများကို

ဆေးကုသမှုဌာနများတွင် ဆေးကုသမှုကို ခံယူသည့်အခါတွင် အာမခံကတ်ပြားကို မေးမြန်းစုံစမ်းရေးကောင်တာတွင် ပေးအပ်ပါ။

အမျိုးသားကျန်းမာရေးအာမခံဖြင့် ဆေးကုသမှုကိုခံယူခဲ့လျှင် အမျိုးသားကျန်းမာရေးအာမခံစနစ်ကို လက်ခံကျင့်သုံး နေသော ဆေးကုသမှုဌာနမဟုတ်လျှင် မရပါ။

အမျိုးသားကျန်းမာရေးအာမခံစနစ်ကို လက်ခံကျင့်သုံးနေခြင်းမရှိသော ဆေးကုသမှုဌာနများသို့ သွားရောက် ဆေးကုသမှုခံယူခဲ့လျှင် အာမခံကတ်ပြား အသုံးပြု၍မရသောကြောင့် ဆေးကုသမှုစရိတ်အားလုံးကို မိမိကိုယ်တိုင် ကျခံရမည်ဖြစ်ပါသည်။ (ဆေးကုသမှုဌာနအများစုသည် အမျိုးသားကျန်းမာရေးအာမခံစနစ်ကို လက်ခံကျင့်သုံးလျက် ရှိပါသည်။)

## (3) အကျုံးဝင်သည့်ကာလအပိုင်းအခြားသတ်မှတ်ချက်

အာမခံကတ်ပြား၏ အကျုံးဝင်သည့်ကာလအပိုင်းအခြားသတ်မှတ်ချက်သည် နေထိုင်သည့်ကာလအပေါ်အခြေခံပြီး သတ်မှတ်ပါသည်။ နေထိုင်ခွင့်ကာလ ကုန်ဆုံးသွားသော အာမခံကတ်ပြားသည် အကျုံးမဝင်ပါ။ နေထိုင်ခွင့်ကာလကို တိုးမြှင့်သော အခြေအနေတွင် နေထိုင်ခွင့်ကာလမကုန်ဆုံးမီ လူဝင်မှုကြီးကြပ်ရေးဌာနတွင် နေထိုင်ခွင့်ကာလတိုးမြှင့်သည့် လုပ်ငန်းဆောင်တာအဝဝကို မဖြစ်မနေလုပ်ဆောင်ပါ။ ထိုသို့လုပ်ဆောင်ပြီးနောက်တွင် နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကတ်ပြား၊ အာမခံ ကတ်ပြားအဟောင်းတို့ကို ယူဆောင်ပြီး အမျိုးသားကျန်းမာရေးအာမခံဌာနတွင် အာမခံကတ်ပြားအသစ်ဖြင့်လဲလှယ် ပါ။ နေထိုင်မှုသတ်မှတ်ချက်မှာ အထူးလှုပ်ရှားမှုဖြင့်နေထိုင်သောသူဖြစ်လျှင် သတ်မှတ်ချက် စာရွက်သည်လည်း မဖြစ်မနေလိုအပ်မည်ဖြစ်ပါသည်။ နေထိုင်ခွင့်ကာလအပိုင်းအခြားတိုးမြှင့်ခြင်းကို အတည်ပြု မလုပ်ဆောင်နိုင်လျှင် အမျိုးသား ကျန်းမာရေးအာမခံ သတ်မှတ်ချက်ခံစားခွင့်များ ပျက်ပြယ်ပြီး အာမခံကတ်ပြားကို အသုံးပြု နိုင်မည် မဟုတ်ပါ။

## (4) အာမခံကတ်ပြားကိုင်တွယ်အသုံးပြုခြင်း

① အာမခံကတ်ပြားနှင့်ပတ်သက်သောပြင်ဆင်မှုသည် အမျိုးသားကျန်းမာရေးအာမခံဌာနသို့ တင်ပြတောင်းဆိုပါ။

② ပျောက်ဆုံး၊ စုတ်ပြဲပြီး အသုံးပြု၍မရသောအခါတွင် ပြန်လည်ထုတ်ပေးရန် လျှောက်လွှာတင်ပါ။

③ နေထိုင်ခွင့်ကာလအပိုင်းအခြားသတ်မှတ်ချက်ကုန်ဆုံးသည့်အခါ "သီးခြားသတ်မှတ်ထားသောလှုပ်ရှားမှု" အဖြစ်နေထိုင်ခွင့်သတ်မှတ်ချက် ပြောင်းလဲသွားမည်ဖြစ်ကာ၊ ထို့အပြင် "ဆေးကုသမှုကို ခံယူသည့် လုပ်ရှားမှု" သို့မဟုတ် "ထိုသူ၏ နေ့စဉ်

နေထိုင်စားသောက်မှု ဘဝအား ပြုစုစောင့်ရှောက်ပေးသော လုပ်ရှားမှု” သို့မဟုတ် “အလည်အပတ် ခရီးသွားခြင်း၊ အပန်းဖြေခြင်း အခြားသော ဤအမျိုးအစားများနှင့် နီးစပ်ဆင်တူသောလုပ်ရှားမှုများ” လုပ်ဆောင်သောသူအဖြစ် ပြောင်းလဲသွားလျှင်၊ အခြား မြို့၊ မြို့နယ်၊ ကျေးရွာများသို့ ပြောင်းရွှေ့သည့်အခါ၊ သို့မဟုတ် လုပ်ငန်းခွင်ရှိ ကျန်းမာရေးအာမခံသို့ ဝင်ရောက်သည့်အခါများတွင် အမျိုးသားကျန်းမာရေးအာမခံ အကျိုးခံစားခွင့်ရရှိတော့မည်မဟုတ်ဘဲ အာမခံကတ်ပြားကို အသုံးပြုနိုင်မည်မဟုတ်ပါ။ ချက်ချင်း ပြန်အပ်ပါ။

④ အာမခံကတ်ပြားအား ကာယကံရှင်မှလွဲ၍ အခြားသူအသုံးပြု၍မရပါ။ အခြားသူအား ငှားရမ်းခြင်း၊ အခြားသူဆီမှ ငှားရမ်းအသုံးပြုခြင်းများ ပြုလုပ်၍မရပါ။ ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

⑤ အာမခံကတ်ပြား၏ နောက်ကျောဘက်မျက်နှာစာတွင် “ကိုယ်တွင်းအင်္ဂါ ပေးအပ်လှူဒါန်းခြင်းနှင့်ပတ်သက်သော စိတ်ဆန္ဒ ဖော်ပြချက်ကော်လံ” ကို ထည့်သွင်းထားပါသည်။

## 4. အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်သည့်အခါ

### (1) အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်ရမည့်သူ

နေထိုင်သူအခြေခံမှတ်ပုံတင်ဥပဒေတွင်အကျုံးဝင်သည့်သူများ (ခြွင်းချက်ဆိုရသော် (2) တွင်အကျုံးဝင်သည့် သူမှလွဲ၍) အားလုံးသည် အမျိုးသားကျန်းမာရေးအာမခံကို ဝင်ရောက်ထားရမည်ဖြစ်သည်။ မိမိသဘောဆန္ဒအလျောက် အာမခံဝင်ရောက်ခြင်း၊ အာမခံမှဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းခြင်းများ လုပ်ဆောင်၍မရပါ။ အာမခံဝင်ရောက်ခြင်း၊ ပြောင်းလဲခြင်း၊ အာမခံဝင်ရောက်ထားခြင်းမှရပ်ဆိုင်းခြင်း စသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့လျှင် ၁၄ ရက်အတွင်းတွင် အကြောင်းကြားခြင်းကို ပြုလုပ်ပါ။

※ ပညာတော်သင်ကျောင်းသားအာမခံနှင့် ဆေးကုသမှုခွင့် တွဲဖက်ပါရှိသော အသက်အာမခံနှင့် ခရီးသွားခြင်းဆိုင်ရာ မတော်တဆဖြစ်မှု အာမခံများ ဝင်ရောက်ထားစေကာမူ အမျိုးသားကျန်းမာရေးအာမခံမဝင်ရောက်ထားရမည်ဖြစ်သည်(ထိုအာမခံများသည် ဂျပန်နိုင်ငံတွင် ရှိသော ပြည်သူ့ကျန်းမာရေးအာမခံစနစ်များတွင် အကျုံးမဝင်ပါ) ။

(2) အမျိုးသားကျန်းမာရေးအာမခံတွင် အာမခံဝင်၍မရနိုင်သောသူ

တိုရှိမမြို့နယ်တွင်နေထိုင်ပြီး နေထိုင်သူအခြေခံမှတ်ပုံတင်ဥပဒေတွင် အကျုံးဝင်သည့်သူများသည်လည်း အောက်ပါအခြေအနေများတွင် အာမခံဝင်ရောက်၍မရပါ။

① အခြားသော ပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်း စသည်) တို့တွင် မှီခိုမိသားစုဝင်အနေဖြင့် ဝင်ရောက်ထားသည့်သူများနှင့် ဝင်ရောက်နိုင်သောသူ

② အခြားသော ပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်း စသည်) တို့တွင် မှီခိုမိသားစုဝင်အနေဖြင့် ဝင်ရောက်ထားသူများနှင့် ဝင်ရောက်နိုင်သောသူ

③ လူမှုဖူလုံရေးကိုခံယူလျက်ရှိသောသူ

④ နေထိုင်ခွင့်ကာလအပိုင်းအခြား ၃ လအောက်ရှိသောသူ ( ※ သတိပြုရန်)

※ သတိပြုရန် နေထိုင်ခွင့်ကာလအပိုင်းအခြား ၃ လအောက်ရှိသောသူဖြစ်သော်လည်း ကျောင်းတက်နေထိုင်သော ထောက်ခံချက် စသည်တို့ဖြင့် ၃ လတာကျော်လွန်ပြီး ဂျပန်နိုင်ငံတွင်နေထိုင်ကြောင်း အတည်ပြုနိုင်လျှင် အာမခံဝင်ရောက်နိုင်သော အခြေအနေရှိသောကြောင့် ဆွေးနွေးမေးမြန်းပါ။ (နေထိုင်ခွင့်သတ်မှတ်ချက်သည် "ကာလတိုနေထိုင်မှု" နှင့် "နေထိုင်ခွင့်သတ်မှတ်ချက်မရှိ" သောသူများမပါ) ထို့အပြင် ပြည်သူ့ကျန်းမာရေးအာမခံ ဝင်ရောက်ထားပြီးသောသူများသည် နေထိုင်ခွင့်သတ်မှတ်ချက် ၃ လအောက်သာကျန်ရှိလျှင်လည်း ကျန်းမာရေးအာမခံအား ဆက်လက်ရရှိနေမည် ဖြစ်ပါသည်။

⑤ "အထူးလှုပ်ရှားမှု" ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်သောသူများထဲတွင် "ဆေးကုသမှုကို ခံယူသည့်လှုပ်ရှားမှု" သို့မဟုတ် "ထိုသူများ၏ နေ့စဉ်လူနေမှုဘဝတွင် ပြုစုစောင့်ရှောက်မှုကို လုပ်ဆောင်သော လှုပ်ရှားမှု" ပြုလုပ်သောသူ၊ "အလည်အပတ်ခရီးသွားခြင်း၊ အပန်းဖြေခြင်း အခြား ထိုအမျိုးအစားများနှင့် ဆင်တူသော လှုပ်ရှားမှု" များကို ပြုလုပ်သောသူ

⑥ အသက် ၇၅ နှစ်အထက်ရှိသောသူ (အမျိုးသားကျန်းမာရေးအာမခံ မဟုတ်ဘဲ "နောက်ပိုင်း ကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ်" ၏ အာမခံဝင်ရောက်ထားသူဖြစ်ရမည်။) (p.28 အား ကိုးကားရန်)

## (3) အာမခံဝင်ရောက်ရန် လုပ်ဆောင်မှုအဆင့်ဆင့်

အောက်ဖော်ပြပါအခြေအနေတွင် ၁၄ ရက်အတွင်း အမျိုးသားကျန်းမာရေး အာမခံဌာန၊ မြို့နယ်ရုံးတွင် လုပ်ဆောင်မှုအဆင့်ဆင့်ကို လုပ်ဆောင်ပါ။

အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်သည့်အခါ

① တိုရှိမမြို့နယ်သို့ ပြောင်းရွှေ့လာသည့်အခါ (ပြည်တွင်းဝင်ရောက်) သည့်အခါ

② အခြားသော ပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်း စသည်) တို့မှ နှုတ်ထွက်သည့်အခါ

③ ကလေးမွေးဖွားသည့်အခါ

④ လူမှုဖူလုံရေးကို မခံယူတော့သည့်အခါ

## (4) အာမခံကတ်ပြားလက်ခံရယူမှုနှင့်ပတ်သက်ပြီး

အာမခံကတ်ပြားသည့် သာမာန်စာပို့ပစ္စည်း (ထပ်ဆင့်ပေးပို့ရန်မလို) ဖြင့်ပေးပို့ပေးပါမည်။ စာတိုက်မှစာကို လက်ခံရယူရန်အတွက် အမည်ကို မဖြစ်မနေ ဖော်ပြပေးပါ။ နေရပ်လိပ်စာ မရှင်းလင်းသော အခြေအနေနှင့် နေထိုင်မှုမရှိခြင်း စသည် တို့ကြောင့် အာမခံကတ်ပြားကို လက်ခံရယူနိုင်ခြင်းမရှိခဲ့သော အခြေအနေတွင် အမျိုးသားကျန်းမာရေးအာမခံဌာန သို့မဟုတ် ရပ်ကွက်ရုံးမေးမြန်းစုံစမ်းရေးတွင် နောက်တစ်ကြိမ်ပြန်လည်ထုတ်ဝေပေးရန်အတွက် လုပ်ဆောင်မှု အဆင့်ဆင့်ကို လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထို့ပြင်အာမခံကတ်ပြား ချက်ချင်း လိုအပ်သောသူသည် အာမခံဝင်ရောက်ခြင်း သို့မဟုတ် နောက်တစ်ကြိမ် ပြန်လည် ထုတ်ပေးရန် အကြောင်းကြား သည့်အခါတွင် အောက်ဖော်ပြပါ ကာယကံရှင် ဟုတ်မဟုတ် အတည်ပြုနိုင်သည့် စာရွက် စာတမ်းများကို ယူဆောင်လာပါ။

＜အာမခံကတ်ပြားကို နေ့ချင်းပြီးလက်ခံရရှိနိုင်သည့် ကာယကံရှင်ဟုတ်မဟုတ်အတည်ပြုနိုင်သည့် စာရွက်စာတမ်း＞

※ မူရင်းဖြစ်သည့်အပြင် အကျုံးဝင်သည့် ကာလအပိုင်းအခြားတွင်ရှိရမည်။

- နိုင်ငံကူးလက်မှတ်
- နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အမြဲတမ်းနေထိုင်ကြောင်း အထူးထောက်ခံချက်
- အခြားသော အစိုးရပြည်သူ့ရုံးဌာနများမှ ထုတ်ပေးသောလိုင်စင်ကတ်ပြား သို့မဟုတ် ထောက်ခံစာ (ပတ်စ်ပို့ဓာတ်ပုံနှင့် အမည်၊ မွေးသက္ကရာဇ် ပါရှိသောအရာ)

※ နေ့ချင်းပြီးလက်ခံရရှိနိုင်သည့် ကာယကံရှင်ဟုတ်မဟုတ်အတည်ပြုနိုင်သည့် စာရွက်စာတမ်းများကိုယူဆောင် လာသော်လည်း မေးမြန်းစုံစမ်းရေးဌာနမှ အလုပ်ရှုပ်နေသော

အခြေအနေတွင် စာပို့ပေးအပ်သည့် အခြေအနေများလည်း ရှိပါသည်။

(5) **အာမခံဝင်ရောက်ခြင်းလုပ်ဆောင်မှုအဆင့်အဆင့်နောက်ကျလျှင်**

အာမခံကြေးငွေသည် အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ခဲ့သည့်လမှစတင်ပြီး ပေးချေရမည်ဖြစ်ပါသည်။ အကြောင်းကြားမှု နောက်ကျခဲ့လျှင်လည်း အာမခံကြေးသည် အများဆုံး ၂ နှစ်စာအထိ မူလအတိုင်းပြန်လည်ပေးချေရမည်ဖြစ်ပါသည်။ ထို့အပြင် ထိုသို့ပေးချေနေစဉ်အတောအတွင်း ဆေးကုသမှုစရိတ် အားလုံးသည် မိမိကိုယ်တိုင် ပေးချေရမည်ဖြစ်ပါသည်။

လက်ရှိတွင်တိုရှိမမြို့နယ်၏ အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားပြီး အာမခံကတ်ပြား လက်ဝယ်ပိုင်ဆိုင်သော သူဖြစ်သော်လည်း နေထိုင်ခွင့်ကတ်ပြား ကုန်ဆုံးသည့် နောက်တွင် ထိုအာမခံကတ်ပြားကို အသုံးပြု၍မရပါ။

နေထိုင်ခွင့်ကာလအပိုင်းအခြားကို တိုးမြှင့်ပါက နေထိုင်ခွင့်အပိုင်းအခြားကာလ မကုန်ဆုံးခင် လူဝင်မှုကြီးကြပ်ရေးဌာနတွင် နေထိုင်ခွင့်ကာလအပိုင်းအခြား တိုးမြှင့်သည့်လုပ်ဆောင်မှုအဆင့်ဆင့်ကို မဖြစ်မနေလုပ်ဆောင်ပါ။ ထိုသို့လုပ်ဆောင်ပြီးနောက်တွင် အာမခံကတ်ပြား၊ နိုင်ငံကူးလက်မှတ်၊ နေထိုင်ခွင့်ကတ်ပြား "သီးခြားသတ်မှတ်ထားသောလှုပ်ရှားမှု" ၏ နေထိုင်ခွင့်သတ်မှတ်ချက်ရှိသောသူသည် သတ်မှတ်ချက်စာရွက်ကို ယူဆောင်ပြီး အမျိုးသား ကျန်းမာရေးအာမခံဌာနသို့အကြောင်းကြားပါ။

ထို့အပြင် ၃လအောက်ရှိသော နေထိုင်ခွင့်ကာလအပိုင်းအခြားသို့ ပြောင်းလဲခဲ့သောသူဖြစ်ပြီး နေထိုင်ခွင့်ဗီဇာအသစ်ပြန်လည် ပြုလုပ်ခဲ့လျှင် အမျိုးသားကျန်းမာရေးအာမခံဌာနသို့ အကြောင်းကြားပါ။

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း 03-4566-2377

## 5. အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းသည့်အခါ

အောက်ပါအခြေအနေများတွင် ၁၄ ရက်အတွင်း အမျိုးသားကျန်းမာရေး အာမခံ ဌာန၊ အထွေထွေမေးမြန်း စုံစမ်းရေးဌာန၊ ရပ်ကွက်ရုံးတို့တွင် လုပ်ဆောင်မှုအဆင့်ဆင့် ကို လုပ်ဆောင်ပါ။ လုပ်ဆောင်မှုအဆင့်ဆင့် ပြုလုပ်သောအခါတွင် အာမခံဝင်ရောက်သူ

အားလုံး၏ အာမခံကတ်ပြားကို ယူဆောင်လာပါ။

① တိုရှိမမြို့နယ်မှ ပြောင်းရွှေ့ထွက်ခွာ (ပြည်ပထွက်ခွာ) သည့်အခါ
အထွေထွေမေးမြန်းစုံစမ်းရေးဌာန သို့မဟုတ် ရပ်ကွက်ရုံးသို့အကြောင်းကြားပါ။

※ မြို့၊ မြို့နယ်၊ ကျေးရွာအသစ်(ပြောင်းရွှေ့သည့်လိပ်စာ) တွင် နောက်တစ်ကြိမ်အာမခံဝင်ရောက်ရန် လုပ်ဆောင်မှုအဆင့်ဆင့် ကို လုပ်ဆောင်ပါ။
※ နိုင်ငံရပ်ခြားသို့ပြောင်းရွှေ့သည့်အခါတွင်လည်း နိုင်ငံရပ်ခြားပြောင်းရွှေ့သည့်အကြောင်းကြားခြင်းကို မပြုလုပ် လျှင် နေထိုင်ခွင့်ဗီဇာ ကျန်ရစ်ခဲ့သည့်အတောအတွင်း အာမခံကြေးငွေ ဆက်လက်ပေးချေနေရမည်ဖြစ်ပါသည်။
※ ကာလရှည်ကြာ တိုင်းပြည်မှထွက်ခွာသည့်အခြေအနေတွင် နိုင်ငံရပ်ခြားပြောင်းရွှေ့ကြောင်း အကြောင်းကြားမှုကို ပြုလုပ်ပါ။

② အခြားသော ပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်း စသည်) တို့တွင် ဝင်ရောက်ထားသည့်အခါ
အမျိုးသားကျန်းမာရေးအာမခံဌာန သို့မဟုတ် မြို့နယ်ရုံးသို့အကြောင်းကြားပါ။
နေထိုင်ခွင့်ကတ်ပြားနှင့် အမြဲတမ်းနေထိုင်ကြောင်း အထူးထောက်ခံချက်စသည်၊ အမျိုးသားကျန်းမာရေးအာမခံနှင့် ကုမ္ပဏီစသည်တို့၏ ကျန်းမာရေးအာမခံနှစ်မျိုးစလုံး၏ အာမခံကတ်ပြား၊ ယူဆောင်လာသောသူသည် မိုင်နမ်ဘာကတ် (ပတ်စ်ပို့ဓာတ်ပုံတွဲလျက်) သို့မဟုတ် အကြောင်းကြား ကတ်ပြားတို့ကို ပူးတွဲယူဆောင်လာပါ။
※ အာမခံဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းရန် လုပ်ဆောင်မှုအဆင့်ဆင့်ကိုမလုပ်ဆောင်လျှင် ၂ ကြိမ်အာမခံ ဝင်ရောက် ထားသကဲ့သို့ဖြစ်ပြီး အာမခံကြေးများ တောင်းဆိုခံရမည်ဖြစ်ပါသည်။ သတိပြုပါ။
※ ပညာတော်သင်ကျောင်းသားအာမခံနှင့် ဆေးကုသခွင့်တွဲဖက်ထားသော အသက်အာမခံနှင့် ခရီးသွားအာမခံဝင်ရောက် ထားသော်လည်း အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားခြင်း ရပ်ဆိုင်း၍မရနိုင်ပါ။ (ထိုအာမခံများသည် ဂျပန်တွင် ရှိသော ပြည်သူ့ကျန်းမာရေး အာမခံစနစ်တွင် အကျုံးမဝင်ပါ)

သတိပြုရန်

① တိုရှိမမြို့နယ်မှတစ်ခြားသို့ ပြောင်းရွှေ့ခြင်း (ပြည်ပထွက်ခွာ)၊ အခြားပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်း

စသည်) တို့တွင်အဖွဲ့ဝင်ထားသောအခြေအနေ၌ တိုရှိုမမြို့နယ်၏ အမျိုးသားကျန်းမာရေး အာမခံကတ်ပြားကို အသုံးပြု၍မရပါ။ အကယ်၍ အသုံးပြုခဲ့လျှင် ဆေးကုသမှုစရိတ်၏ အာမခံသူ ပေးချေရမည့်ပမာဏကို ပြန်ပေးရမည်။ သတိပြုပါ။

② အာမခံကြေးငွေပမာဏမြင့်မားခြင်း၊ သို့မဟုတ် အာမခံကတ်ပြားကို အသုံးမပြုခြင်း စသည့်အကြောင်းပြချက်ဖြင့် အာမခံ ဝင်ရောက်ထားခြင်း မှ ရပ်ဆိုင်း၍မရပါ။

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း 03-4566-2377

## 6. အခြားလုပ်ငန်းဆောင်တာများ

တိုရှိုမမြို့နယ်အတွင်းတွင် လိပ်စာ၊ အမည် ပြောင်းလဲသည့်အခါ ပြောင်းလဲသည့်သူအားလုံး၏ အမျိုးသားကျန်းမာရေး အာမခံကတ်ပြားကို ယူဆောင်ပြီး ပထမဦးစွာ အထွေထွေစုံစမ်းမေးမြန်းရေးဌာန၊ သို့မဟုတ် ရပ်ကွက်ရုံးသို့ သွားရောက်ပါ။ ဂျပန်နိုင်ငံသားဖြစ်ခွင့်ရရှိထားသူများသည် အမျိုးသားကျန်းမာရေးအာမခံဌာနသို့လည်း သွားရောက်ပါ။

## 7. လျှော့ပေါ့ထားစဉ်ကာလအတွင်း ဝင်ငွေကြေငြာရန် မေတ္တာရပ်ခံခြင်း

အမျိုးသားကျန်းမာရေးအာမခံကြေးငွေသည် ဝင်ငွေစုစုပေါင်းပမာဏအပေါ်တွင် မူတည်ပြီး တွက်ချက်ပါသည်။

ဝင်ငွေမကြေငြာပါက အာမခံကြေးနှင့် ပမာဏများသော ဆေးကုသစရိတ်များကို အချိုးအစားတိကျမှန်ကန်စွာ ခွဲဝေတွက်ချက်နိုင်နိုင်မည်မဟုတ်ပါ။ဝင်ငွေမရှိသောသူနှင့် ဝင်ငွေနည်းပါးသော သူများသည်လည်း  သတ်မှတ်ချိန်အတွင်း ဝင်ငွေကြေငြာရန် မေတ္တာရပ်ခံပါသည်။

နေထိုင်ခွန်လျှော့ပေါ့ထားခြင်းကို ပြုလုပ်ရမည့်လိပ်စာသည် ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် နေထိုင်ခွင့်မှတ်ပုံတင်ခြင်းကို ပြုလုပ်ခဲ့သည့် မြို့၊ မြို့နယ်၊ ကျေးရွာများတွင်ရှိသော အခွန်တာဝန်ခံဌာနဖြစ်ပါသည်။

○ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မတိုင်ခင် ဂျပန်သို့ရောက်ရှိခဲ့သောသူ

၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ လက်ရှိတွင် နေထိုင်ခွင့်မှတ်ပုံတင်ခြင်းကို ပြုလုပ်ထားသော မြို့၊ မြို့နယ်၊ ကျေးရွာများတွင်ရှိသည့် အခွန်တာဝန်ခံဌာနတွင် လျှောက်လွှာတင်ပါ။

○ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက်နောက်ပိုင်း ဂျပန်သို့ရောက်ရှိခဲ့သောသူ

ဂျပန်နိုင်ငံသို့ ဝင်ရောက်ကာစဖြစ်ပြီး ယခင်နှစ်များက ဂျပန်နိုင်ငံတွင် နေထိုင်ခြင်း မရှိခဲ့သောသူသည် "အမျိုးသားကျန်းမာရေးအာမခံနှင့်ပတ်သက်သောလျှောက်လွှာ"ကို အမျိုးသားကျန်းမာရေးအာမခံဌာနသို့ ပေးအပ်တင်ပြပါ။ ※ အာမခံစည်းကြပ်ငွေပမာဏ

အားလျှော့ချခြင်းနှင့်ပတ်သက်၍ p13 တွင်ဖတ်ရှုပါ။

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း 03-4566-2377

## 8. အာမခံကြေး

အာမခံကြေးငွေသည် အာမခံဝင်ရောက်ထားသူဖြစ်သည့်လမှစတင်ပြီး ပေးဆောင်ရမည်ဖြစ်သည်။ တိုရှိမမြို့နယ်သို့ပြောင်းရွှေ့လာခြင်း (တိုင်းပြည်ဝင်ရောက်ခြင်း) ပြုလုပ်သည့်အခါနှင့် အခြားပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်း နှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်းစသည်) တို့မှ နုတ်ထွက်ပြီး အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်သည့်အခြေအနေတွင် အမျိုးသား ကျန်းမာရေးအာမခံ ရယူနိုင်ခွင့်သည် အမျိုးသားကျန်းမာရေးအာမခံ ဝင်ရောက်သည့် အချိန်မှစပြီး ခံစားခွင့်ရှိပါသည်။

※ ကျောင်းသားများအား အာမခံကြေးငွေ လျှော့ပေးခြင်းမရှိပါ။

※ ဝင်ငွေနည်းသောသူများအားလျှော့ပေးသော်လည်း ဝင်ငွေကြေငြာရန်လိုအပ်ပါသည်။ အသေးစိတ်ကို p9၊ p13 တွင်ဖတ်ရှုပါ။

### (1) အာမခံကြေးတွက်ချက်သည့်နည်းလမ်း

အာမခံကြေးငွေသည် အာမခံဝင်ရောက်ထားသူများ၏ အခြေခံပမာဏတွက်ချက်ခြင်းနှင့် လူအရေအတွက်ကို အခြေခံပြီး ဘဏ္ဍာရေးနှစ် ( ၄ လပိုင်း ～ နောက်တစ်နှစ် ၃ လပိုင်း) အတိုင်းအတာဖြင့် တွက်ချက်ပါသည်။

အခြေခံပမာဏတွက်ချက်ခြင်းဆိုသည်မှာ ယခင်နှစ်၏ ဇန်နဝါရီလ ～ ဒီဇင်ဘာလအထိ

ဂျပန်နိုင်ငံတွင် ရရှိသော စုစုပေါင်းဝင်ငွေပမာဏမှ အခြေခံနှုတ်ယူရမည့်ပမာဏ ( ယန်း ၃၃ သောင်း) ကို နှုတ်ယူသည့် ငွေပမာဏဖြစ်ပါသည်။

တစ်နှစ်တာအတွင်းပေးဆောင်ရမည့် အာမခံကြေးငွေသည် အခြေခံပမာဏတွက်ချက်ခြင်းကို အခြေခံပြီး တွက်ချက်သည့် ဝင်ငွေရာခိုင်နှုန်းပမာဏနှင့် အာမခံ ဝင်ရောက်ထားသူအားလုံး တစ်ပြေးညီတည်းပေးဆောင်ရမည့် အာမခံစည်းကြပ် ငွေပမာဏကို စုပေါင်းထားသည့် အရာဖြစ်ပါသည်။

ဥပမာအားဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံသို့ရောက်ရှိပြီး နေထိုင်နေသည့်သူများဆိုလျှင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရရှိသော စုစုပေါင်း ဝင်ငွေပမာဏပေါ်တွင် မူတည်၍ အခြေခံပမာဏတွက်ချက်ခြင်းဖြင့် တွက်ချက်ပြီး ၂၀၁၉ ခုနှစ် ဧပြီလ ～ ၂၀၂၀ ခုနှစ် မတ်လအတွင်းပေးချေရမည့် အာမခံကြေးငွေကို တွက်ချက်ပါမည်။

## (2) အာမခံကြေးငွေနှင့်ပတ်သက်ပြီး အသိပေးချက်

## အာမခံကြေးငွေသည် နှစ်စဉ်နှစ်တိုင်း ဇွန်လတွင် ဆုံးဖြတ်ပါသည်။

အာမခံကြေးငွေသည် နေထိုင်ခွင့်ပမာဏကို အတည်ပြုသည့် ဇွန်လပိုင်းတွင် ဆုံးဖြတ်ပြီး ဇွန်လ လလယ်တွင် " အမျိုးသားကျန်းမာရေးအာမခံကြေးကို ဆုံးဖြတ်သည့် အသိပေးစာ" ကို ပေးပို့မည်ဖြစ်ပါသည်။

ပေးချေရန်သည် ဇွန်လမှ နောက်တစ်နှစ် မတ်လအတွင်း တစ်နှစ်လျှင် ၁၀ ကြိမ် ပေးချေရမည်ဖြစ်ပါသည်။

ဧပြီလ၊ မေလတို့တွင် အာမခံဝင်ရောက်ထားသူ၏ အိမ်ထောင်စုပြောင်းရွှေ့ခြင်း (ပြောင်းရွှေ့လာခြင်း၊ အခြားသို့ပြောင်းရွှေ့သွားခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ ကုမ္ပဏီအာမခံဝင်ရောက်ထားခြင်း စသည်) တို့ဖြစ်ပွားခဲ့သော အခြေအနေတွင်လည်း အာမခံကြေးသည် ဇွန်လတွင် အသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။

ထို့ပြင် စုစုပေါင်းဝင်ငွေပမာဏပြောင်းလဲမှုရှိခြင်း၊ ဇွန်လနောက်ပိုင်းတွင် အာမခံဝင်ရောက်ထားသူ၏ အိမ်ထောင်စုပြောင်းရွှေ့ခဲ့သည့်အခါ ထိုအခြေအနေတွင် "အမျိုးသားကျန်းမာရေးအာမခံကြေးပြောင်းလဲခြင်းအသိပေးအကြောင်းကြားစာ" ကိုပေးပို့မည်ဖြစ်ပါသည်။

အာမခံကြေး ပေးဆောင်သည့်အခါတွင် နောက်ဆုံးထုတ်ပေးသော အာမခံကြေး ပေးချေလွှာအသစ်ကို အသုံးပြုပါ။

### ဆေးကုသမှုအတွက်အာမခံကြေး

| ဝင်ငွေရာခိုင်နှုန်းပမာဏ | + | အာမခံစည်းကြပ်ငွေပမာဏ | = | |
|---|---|---|---|---|
| အာမခံဝင်ရောက်ထားသူအသီးသီး၏အခြေခံတွက်ချက်မှုပမာဏ ※ x7.25%ရှိသောစုစုပေါင်းငွေပမာဏ | + | အာမခံဝင်ရောက်ထားသူလူဦးရေစုစုပေါင်း ×ယန်း 39,900 | = | ဧပြီလမှနောက်တစ်နှစ် မတ်လပိုင်း၏ ဆေးကုသမှုအတွက်အာမခံကြေး (အမြင့်ဆုံးသတ်မှတ်ငွေပမာဏ ယန်း 61 သောင်း) |

### နောက်ပိုင်းကာလသက်ကြီးရွယ်အိုထောက်ပံ့ကြေးငွေအတွက်အာမခံကြေး

| ဝင်ငွေရာခိုင်နှုန်းပမာဏ | + | အာမခံစည်းကြပ်ငွေပမာဏ | = | |
|---|---|---|---|---|
| အာမခံဝင်ရောက်ထားသူအသီးသီး၏အခြေခံတွက်ချက်မှုပမာဏ ※ x2.24%ရှိသောစုစုပေါင်းငွေပမာဏ | + | အာမခံဝင်ရောက်ထားသူလူဦးရေစုစုပေါင်း x ယန်း 12,300 | = | ဧပြီလမှနောက်တစ်နှစ် မတ်လပိုင်း၏ နောက်ပိုင်းကာလသက်ကြီးရွယ်အိုထောက်ပံ့ကြေးငွေအတွက်အာမခံကြေး (အမြင့်ဆုံးသတ်မှတ်ငွေပမာဏ ယန်း 19 သောင်း) |

### သူနာပြုစုစောင့်ရှောက်မှုအတွက်အာမခံကြေး

| ဝင်ငွေရာခိုင်နှုန်းပမာဏ | + | အာမခံစည်းကြပ်ငွေပမာဏ | = | |
|---|---|---|---|---|
| အသက် ၄၀ မှ ၆၄ နှစ်အတွင်းရှိသောအာမခံဝင်ရောက်ထားသူအသီးသီး၏အခြေခံတွက်ချက်မှုပမာဏ ※ x1.74%ရှိသောစုစုပေါင်းငွေပမာဏ | + | အသက် ၄၀ မှ ၆၄ နှစ်အတွင်းရှိသော အာမခံဝင်ရောက်ထားသူလူဦးရေစုစုပေါင်း x ယန်း 15,600 | = | ဧပြီလမှနောက်တစ်နှစ် မတ်လပိုင်း၏ သူနာပြုစုစောင့်ရှောက်မှုအတွက်အာမခံကြေး (အမြင့်ဆုံးသတ်မှတ်ငွေပမာဏ ယန်း 16 သောင်း) |

စုစုပေါင်းငွေပမာဏသည်တစ်နှစ်တာအတွက်အမျိုးသားကျန်းမာရေးအာမခံကြေး

※ အခြေခံတွက်ချက်မှုပမာဏ=ယခင်နှစ်များ၏ဝင်ငွေစုစုပေါင်း-အခြေခံနုတ်ယူငွေပမာဏ (ယန်း 33 သောင်း)

ဘဏ္ဍာရေးနှစ်အတွင်းတွင်အာမခံဝင်ရောက်ခြင်း၊ ရပ်ဆိုင်းခြင်းပြုလုပ်သည့်အခြေအနေ

$$\text{တစ်နှစ်အတွက်ပေးချေရမည့်အာမခံကြေးငွေပမာဏ} \times \frac{\text{အာမခံဝင်ရောက်ထားသည့်လအရေအတွက်}}{12}$$

အာမခံကြေးငွေသည် နေထိုင်ခွန်ပမာဏကို အတည်ပြုသည့် ဇွန်လပိုင်းတွင် ဆုံးဖြတ်ပြီး ဇွန်လ လလယ်တွင် " အမျိုးသားကျန်းမာရေးအာမခံကြေးကို ဆုံးဖြတ်သည့် အသိပေးစာ" ကို ပေးပို့မည်ဖြစ်ပါသည်။

ပေးချေရန်သည် ဇွန်လမှ နောက်တစ်နှစ် မတ်လအတွင်း တစ်နှစ်လျှင် ၁၀ ကြိမ် ပေးချေရမည်ဖြစ်ပါသည်။

ဧပြီလ၊ မေလတို့တွင် အာမခံဝင်ရောက်ထားသူ၏ အိမ်ထောင်စုပြောင်းရွှေ့ခြင်း (ပြောင်းရွှေ့လာခြင်း၊ အခြားသို့ပြောင်းရွှေ့သွားခြင်း၊ မီးဖွားခြင်း၊ သေဆုံးခြင်း၊ ကုမ္ပဏီအာမခံဝင်ရောက်ထားခြင်း စသည်) တို့ဖြစ်ပွားခဲ့သော အခြေအနေတွင်လည်း အာမခံကြေးသည် ဇွန်လတွင် အသိပေးအကြောင်းကြားမည်ဖြစ်ပါသည်။

ထို့ပြင် စုစုပေါင်းဝင်ငွေပမာဏပြောင်းလဲမှုရှိခြင်း၊ ဇွန်လနောက်ပိုင်းတွင် အာမခံဝင်ရောက်

ထားသူ၏ အိမ်ထောင်စုပြောင်းရွှေ့ခဲ့သည့်အခါ ထိုအခြေအနေတွင် "အမျိုးသားကျန်းမာရေး အာမခံကြေးပြောင်းလဲခြင်းအသိပေးအကြောင်းကြားစာ'' ကိုပေးပို့မည်ဖြစ်ပါသည်။ အာမခံကြေး ပေးဆောင်သည့်အခါတွင် နောက်ဆုံးထုတ်ပေးသော အာမခံကြေး ပေးချေလွှာ အသစ်ကို အသုံးပြုပါ။

အာမခံကြေးငွေနှင့် ပတ်သက်ပြီး သတိပြုရန်

① အာမခံကြေးငွေသည် အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ပြီး အာမခံရယူနိုင်ခွင့် အား စတင်ခံစားခွင့်ရှိသည့်လမှ စတင်ပြီး တွက်ချက်ပါသည်။
ဥပမာအားဖြင့် မေလတွင် လူမှုရေးအာမခံမှဝင်ထားခြင်းမှ ရပ်ဆိုင်းပြီး ဩဂုတ်လတွင် အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ရန် အကြောင်းကြားခဲ့သော အခြေအနေ၌ အာမခံကြေးသည် မေလမှစတင်ပြီး ယခင်မူလအတိုင်း တွက်ချက်မည်ဖြစ်ပါသည်။ (အကြာဆုံး ၂ နှစ်ခန့် ယခင်မူလအတိုင်း တွက်ချက်မည်ဖြစ်ပါသည်။)

② ပြောင်းရွှေ့ဝင်ရောက်လာသောသူများ၏ အာမခံကြေးသည် နောက်ပိုင်းတွင် ပမာဏတိုး ပြီး ကောက်ခံခြင်းမျိုးရှိပါသည်။
တိုရှိမမြို့နယ်သို့ပြောင်းရွှေ့ဝင်ရောက်လာသောသူများ၏ အာမခံကြေးသည် အစပိုင်းတွင် အာမခံစည်းကြပ်ငွေပမာဏသာလျှင် တွက်ချက်မည်ဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင် ထိုနှစ်၏ ဇန်နဝါရီလ ၁ ရက်နေ့တွင် လိပ်စာတည်ရှိသော မြို့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် စုစုပေါင်းဝင်ငွေပမာဏကို ထုတ်ဖော်တင်ပြပြီး ထိုဝင်ငွေပမာဏပေါ်တွင်မူတည်၍ အာမခံကြေး ပေးဆောင်ရမည့် ဝင်ငွေအချိုးအစား ပမာဏကို ပြန်လည်တွက်ချက်ပြီး "အမျိုးသားကျန်းမာရေး အာမခံကြေး ပြောင်းလဲခြင်း အသိပေး အကြောင်းကြားစာ" ကိုပေးပို့သည့် အခြေအနေ ရှိပါသည်။

③ ဘဏ္ဍာရေးနှစ်မကုန်ဆုံးခင်တွင် အာမခံဝင်ထားခြင်းမှရပ်ဆိုင်းသည့် သူများ၏ အာမခံကြေး
(i) မိသားစုဝင်အားလုံး အာမခံဝင်ထားခြင်းမှ ရပ်ဆိုင်းသည့်အခါ အမျိုးသား ကျန်းမာရေးအာမခံ ဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းသည့်လမတိုင်ခင်လ၏ ရှေ့လစာ အထိ အာမခံကြေးကို နောက်တစ်ကြိမ်ပြန်လည်တွက်ချက်မည်ဖြစ်ပါသည်။ ထိုသို့ တွက်ချက်သည့်ရလဒ်အရ အာမခံကြေးငွေမလောက်ငသော အခြေအနေတွင် ရပ်ဆိုင်းသည့်လနောက်ပိုင်းအတွက်ပါ ပေးချေစေခြင်းမျိုးရှိပါသည်။ ထို့ပြင် အာမခံကြေးငွေပေးချေရမည့် ပမာဏ ထက်ပိုပြီး ပေးချေမိသောအခြေအနေ၌ နောက်ပိုင်းတွင် ပြန်လည်ပေးအပ်မည်ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ် မကုန်ဆုံးခင်တွင် နိုင်ငံရပ်ခြားသို့ပြောင်းရွှေ့ (တိုင်းပြည်ပြန်ခြင်း) သည့်အခြေအနေတွင် အမျိုးသား ကျန်းမာရေး အာမခံဝင်ရောက်ထားခြင်းမှ ရပ်ဆိုင်းသည့် လုပ်ဆောင်မှုအဆင့်ဆင့်ကို

လုပ်ဆောင်သည့်အခါ အာမခံကြေးငွေ ဖြတ်တောက်ရန် မလုံလောက်သည့် ငွေပမာဏ ကို ပေးချေစေသည့် အခြေအနေမျိုးရှိပါသည်။

(ii) မိသားစုဝင်ထဲမှ တစ်ချို့တစ်ဝက်သည် အာမခံမှုရပ်ဆိုင်းသည့်အခြေအနေတွင် နောက်တစ်ကြိမ်ပြန်လည် တွက်ချက်ပြီး ကျန်သည့်ပမာဏကို လာမည့်နှစ် မတ်လအထိ ခွဲဝေပြီး ပေးချေရမည်ဖြစ်ပါသည်။

④ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်အတွက် ပေးချေရမည့် အာမခံကြေးငွေနှင့်ပတ်သက်ပြီး အာမခံကြေးငွေသည် ဘဏ္ဍာရေးနှစ် (ဧပြီလမှ နောက်တစ်နှစ် မတ်လအထိ) တိုင်းတွင် တွက်ချက်ပါသည်။ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်စာအတွက် ပေးချေရမည့် အာမခံကြေးငွေဆိုသည်မှာ ယခင်ဘဏ္ဍာရေးနှစ် (မတ်လ ၃၁ ရက် မတိုင်ခင်) အတိုင်း ဆက်လက်ပေးချေပြီး အမျိုးသားကျန်းမာရေးအာမခံ ခံစားခွင့်ရရှိထားသော အခြေအနေနှင့် ယခင်ဘဏ္ဍာရေးနှစ်၏ ဝင်ငွေကိုဖော်ပြပြီး အာမခံကြေးငွေပမာဏတိုးလာသည့် အခြေအနေတွင် ဖြစ်ပေါ်သည့် အာမခံကြေးငွေကို ဆိုလိုပါသည်။

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း

03-4566-2377

## 9. အာမခံကြေးစည်းကြပ်ငွေပမာဏအားလျှော့ချခြင်းနှင့် ပတ်သက်၍

အာမခံကြေးငွေကင်းလွတ်ခွင့်မရှိပါ။ ထို့ပြင် ကျောင်းသားများအား အာမခံကြေးငွေ လျှော့ပေးသည့်စနစ်သည်လည်းမရှိပါ။

ခြွင်းချက်အနေဖြင့် အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားသောသူ (အာမခံဝင်ရောက်ထားခြင်းမရှိသော အိမ်ထောင်ဦးစီးလည်းအပါအဝင်) ၏ ယခင်နှစ်တွင် ရရှိခဲ့သော စုစုပေါင်းဝင်ငွေပမာဏမှာ သတ်မှတ်ထားသောအခြေခံဝင်ငွေထက် လျှော့နည်းသော အိမ်ထောင်စုဖြစ်ပါက အာမခံကြေးငွေပေးဆောင်ရမည့် အာမခံကြေးစည်းကြပ်ငွေပမာဏမှာ လျှော့နည်းပါမည်။

တန်ဖိုးလျှော့ငွေပမာဏခံစားခွင့်ရရန်အတွက် ယခင်နှစ်၏ ဝင်ငွေအခြေအနေနှင့်ပတ်သက်ပြီး လျှောက်ထားတင်ပြခြင်းကို မပြုလုပ်ထား၍မရပါ။ ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းပါးခဲ့သူများလည်း ဝင်ငွေကြေငြာရန်လိုအပ်ပါသည်။

ဝင်ငွေကြေငြာချက်အား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က နေထိုင်ခွင့်မှတ်ပုံတင်ထားသည့်နေရာ၏ အခွန်တာဝန်ခံဌာန (၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂ ရက် နောက်ပိုင်းတွင် ဂျပန်နိုင်ငံသို့ ရောက်ရှိသူများသည် တိုရှိမမြို့နယ်၊ အမျိုးသားကျန်းမာရေးအာမခံဌာန) တွင် တင်ပြပါ။

အခြေခံငွေပမာဏအား လျှော့ချသည့်နေ့မှာ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့ဖြစ်ပါသည်။

အာမခံဝင်ရောက်သည့် အိမ်ထောင်စုအသစ်သည် အမျိုးသားကျန်းမာရေးအာမခံအား စတင်ခံစားခွင့် ရရှိသည့်နေ့ဖြစ်ပါသည်။

| ယခင်နှစ်အတွင်းရရှိသော စုစုပေါင်းဝင်ငွေ၏စုစုပေါင်း ပမာဏ | လျှော့ချသည့်အချိုး | တစ်ဦးစီ၏အာမခံစည်းကြပ်ငွေပမာဏ (တစ်နှစ်ပမာဏ) | | |
|---|---|---|---|---|
| | | အခြေခံ (ဆေးကုသမှု) စရိတ် | နောက်ပိုင်းကာလ သက်ကြီးရွယ်အို ထောက်ပံ့စရိတ် | သူနာပြုစုစရိတ် |
| ယန်း 330,000 အောက် | 70 ရာခိုင်နှုန်း | ယန်း 11,970 | ယန်း 3,690 | ယန်း 4,680 |
| ယန်း 330,000 + (အာမခံဝင်ရောက်ထားသူဦးရေx ယန်း 280,000) အောက် | 50 ရာခိုင်နှုန်း | ယန်း 19,950 | ယန်း 6,150 | ယန်း 7,800 |
| ယန်း 330,000 + (အာမခံဝင်ရောက်ထားသူဦးရေx ယန်း 510,000) အောက် | 20 ရာခိုင်နှုန်း | ယန်း 31,920 | ယန်း 9,840 | ယန်း 12,480 |

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း 03-4566-2377

## 10. အာမခံကြေးငွေပေးချေသည့်နည်းလမ်း

အာမခံကြေးငွေပေးချေရန်အတွက် ဘဏ်အကောင့်မှ ငွေလွှဲခြင်းဖြင့်ပေးချေရန် မေတ္တာရပ်ခံပါသည်။

ဘဏ်အကောင့်ဖြင့် ငွေလွှဲသည့်နေ့သည် လစဉ်လတိုင်း လကုန်ရက် (လကုန်ရက် သည် ဘဏ်ပိတ်ရက်ဖြစ်ခဲ့လျှင် နောက်တစ်နေ့ ဘဏ်ဖွင့်ရက်) ဖြစ်ပါသည်။ ထိုရက်နောက်ဆုံးထားပြီး ဘဏ်သို့ငွေသွင်းပါ။

"လျှောက်ထားရန်နည်းလမ်း"

• မေးမြန်းစုံစမ်းရေးကောင်တာတွင် လျှောက်ထားလျှင်

အာမခံဌာနမှ ရည်မှန်းသတ်မှတ်ထားသော အောက်ဖော်ပြပါဘဏ်များဆိုလျှင် ငွေသားကတ်ဖြင့် ပေးချေရန် လုပ်ဆောင်မှု အဆင့်ဆင့်ကို လုပ်ဆောင်နိုင်ပါသည်။ ထို့ပြင် ငွေသားကတ်ဖြင့်ပေးချေရန်လုပ်ဆောင်မှုအဆင့်ဆင့်သည် အမျိုးသားကျန်းမာရေး အာမခံဌာန၊ မြို့နယ်ရုံးတို့တွင် လက်ခံဆောင်ရွက်ပေးနေပါသည်။

《အာမခံဌာနမှရည်မှန်းသတ်မှတ်ထားသည့်ဘဏ်များ》

မီဇုဟိုဘဏ်၊ မီဆူဘီရှီ UFJ ဘဏ်၊ မီဆူအိစုမီတိုမို SMBC ဘဏ်၊ ရီဆိုနဘဏ်၊ ဆိုင်းတမရီဆို

နဘဏ်၊ ယူးချော့ဘဏ်၊ ခိဘိုရရှိဘဏ်၊ ဆုဂါမိုရှင်းခင်းဘဏ်၊  တိုကျိုရှင်းခင်းဘဏ်၊ ဂျော့ဟိုခု ရှင်းခင်းဘဏ်၊ ခိုဆန်းရှင်းခင်းဘဏ်၊  အာဆဟိရှင်းခင်းဘဏ်၊ တိုကျိုစီးတီးရှင်းခင်းဘဏ်၊ ဆိုင်းကျိုရှင်းခင်းဘဏ်။

• စာတိုက်မှတဆင့် ချောစာဖြင့် ပေးချေသည့်အခြေအနေ

ဘဏ်အကောင့်ဖြင့် ငွေလွှဲခွင့်ပြုရန် တောင်းဆိုလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး ဘဏ်စာအုပ်တွင်တံဆိပ်တုံးထုခြင်းကို ပြုလုပ်သည့်အပြင် တောင်းဆိုလွှာကို အမျိုးသားကျန်းမာရေးအာမခံဌာန ဘဏ်အကောင့်တာဝန်ခံထံသို့ စာတိုက်မှတစ်ဆင့်ချောစာဖြင့်ပို့ဆောင်ပေးပါ။ လျှောက်ထားသည့်လ၏ ခန့်မှန်းခြေ ၂ လကြာနောက်ပိုင်းမှ စတင်ပြီး ငွေလွှဲခြင်းစတင်မည်ဖြစ်ပါသည်။

ဘဏ်အကောင့်ဖြင့် ငွေလွှဲခွင့်ပြုရန်တောင်းဆိုလွှာသည် အမျိုးသားကျန်းမာရေးအာမခံဌာန၊ မြို့ နယ်ရုံးတို့တွင် ပြင်ဆင်ထားရှိပါသည်။ ထို့ပြင် အမျိုးသား ကျန်းမာရေးအာမခံဌာန ဘဏ်အကောင့်တာဝန်ခံထံသို့ ဆက်သွယ်ပေးမည် ဆိုလျှင် တောင်းဆိုလွှာကို ပေးပို့ပေးမည်ဖြစ်ပါသည်။

မေးမြန်းစုံစမ်းရန် ဘဏ်အကောင့်တာဝန်ခံ　03-3981-1468

ဘဏ်အကောင့်မှငွေလွှဲခြင်းမလုပ်နိုင်သောအခြေအနေတွင် အောက်ဖော်ပြပါနည်းလမ်းတစ်ခုခုဖြင့်ပေးချေပါ။

(1) အာမခံကြေးပေးချေလွှာဖြင့် ပေးချေနိုင်သည့်အခြေအနေ

အာမခံကြေးပေးချေလွှာပို့ဆောင်မှုသည် တစ်နှစ်တာအတွင်းပေးဆောင်ရမည့် အာမခံကြေးငွေပမာဏပြောင်းလဲမှုမရှိလျှင် ဇွန်လပိုင်း၊ စက်တင်ဘာလ၊ ဒီဇင်ဘာလများတွင်ပေးချေရမည်ဖြစ်ပြီး တစ်နှစ်လျှင် ၃ ကြိမ်ပေးချေရမည်ဖြစ်ပါသည်။ လစဉ်လကုန်ရက် (လကုန်ရက်သည် ဘဏ်ပိတ်ရက်ဖြစ်ခဲ့လျှင် နောက်တစ်နေ့ဘဏ်ဖွင့်ရက်) နောက်ဆုံးထားပြီးနီးစပ်ရာ Convenience Store များ သို့မဟုတ် ဘဏ်များ သို့မဟုတ် တိုရှိမမြို့နယ်ရုံး ၃ လွှာ ပြည်သူ့ငွေကြေးပေးချေမှုကောင်တာ နှင့် မြို့နယ်ရုံးများတွင် ပေးချေပါ။ ထို့ပြင် ဘဏ်အကောင့်မှငွေလွှဲသည့် အိမ်ထောင်စုများဆီသို့ အာမခံကြေးပေးချေလွှာကို ပို့ဆောင် ခြင်းမရှိပါ။

အာမခံကြေးပေးချေလွှာပျောက်ဆုံးသည့်အခါတွင် အာမခံကတ်ပြား၏ ကုဒ်နံပါတ်ကို စစ်ဆေးအတည်ပြုနိုင်သည့်အရာ (အာမခံကတ်ပြား၊ ငွေရှင်းပြေစာ စသည်) တို့ကို အမျိုးသားကျန်းမာရေးအာမခံဌာန သို့မဟုတ် မြို့နယ်ရုံးသို့ ယူဆောင်လာပါ။ ထို့ပြင် အမျိုးသားကျန်းမာရေးအာမခံဌာနသို့ ဆက်သွယ်အကြောင်းကြားပေးလျှင် အာမခံ

ကြေးပေးချေလွှာကို နောက်တစ်ကြိမ် ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

(2) ခရက်ဒစ်ကတ်( အကြွေးဝယ်ကတ်) ဖြင့် ပေးချေသည့်နည်းလမ်း

မိမိအိမ်တွင်ရှိသောကွန်ပျူတာ၊ လက်ကိုင်ဖုန်းတို့မှတစ်ဆင့် ခရက်ဒစ်ကတ် (အကြွေးဝယ်ကတ်) ကိုအသုံးပြုပြီး အာမခံကြေး ငွေကို ပေးဆောင်နိုင်ပါသည်။

အာမခံကြေးငွေပေးဆောင်ရန်လုပ်ဆောင်မှုအဆင့်ဆင့်သည် " Yahoo!JAPAN " ၏ ပြည်သူ့ရန်ပုံငွေပေးချေသည့် ဝက်ဘ်ဆိုက်မှ ပေးချေရမည်ဖြစ်ပါသည်။

※ ပေးချေရမည့်ကာလကျော်လွန်ပြီးမှ ရောက်ရှိလာသော အာမခံကြေးငွေပေးချေလွှာများနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်း ပေးနိုင်မည်မဟုတ်ပါ။

(3) မိုဘိုင်းဖုန်းမှပေးချေသည့်နည်းလမ်း

လက်ကိုင်ဖုန်းကင်မရာဖြင့် အာမခံကြေးပေးချေလွှာ၏ဘားကုဒ်ကို ရိုက်ယူပြီး၊ Mobile Banking ဖြင့် ချိတ်ဆက်၍ အာမခံကြေးငွေပေးချေနိုင်သည့် ဝန်ဆောင်မှုကို အသုံးပြုနိုင်ပါသည်။ ဤဝန်ဆောင်မှုသည် အသုံးမပြုခင်တွင် အသုံးပြုချင်သော ဘဏ်သို့ Mobile Banking အသုံးပြုရန် လျှောက်ထားခြင်းနှင့် လက်ကိုင်ဖုန်းတွင် Mobile Banking Software ကို ဒေါင်းလုတ်ရယူရန် မဖြစ်မနေ လိုအပ်ပါသည်။

(4) ပင်စင်ငွေမှ ဖြတ်တောက်သည့်နည်းလမ်း

အကျုံးဝင်သည့် အိမ်ထောင်စုများတွင် သတ်မှတ်ချက်များရှိပါသည်။ အသေးစိတ်ကို သိရှိလိုပါက မေးမြန်းစုံစမ်းပါ။

မေးမြန်းစုံစမ်းရန် နေထိုင်ခွင့်သတ်မှတ်ချက်၊ ကျန်းမာရေးအာမခံကြေးဆိုင်ရာအဖွဲ့အစည်း 03-4566-2377

## 11. အာမခံကြေးငွေမပေးချေလျှင်

ဝင်ငွေပေါ်တွင်မူတည်ပြီး ပေးဆောင်ရမည့် အာမခံကြေးငွေကိုပေးဆောင်၍ ရောဂါစသည်ဖြစ်သည့်အခါ ငွေပမာဏ တစ်စိတ်တစ်ပိုင်းကိုပေးချေခြင်းဖြင့် အဆင်ပြေပြီးမြောက်သည်မှာ လူမှုရေးအာမခံစနစ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်သူ အားလုံးသည် ပြည်သူ့ကျန်းမာရေးအာမခံတစ်ခုခုကို ဝင်ရောက်ထားကြပါသည် (တစ်နိုင်ငံလုံး ဆိုင်ရာ

ဆေးဘက်အာမခံ)။ ဆေးကုသမှုဌာနများကို မသွားသောကြောင့် အာမခံကြေးငွေ မပေးချေခြင်းကို ပြုလုပ်၍မရပါ။ အာမခံကြေးငွေသည် ပေးဆောင်ရမည့်ကာလနောက်ဆုံးထားပြီး ပေးဆောင်ရမည်ဖြစ်ပါသည်။ အခြေအနေများပေါ်ပေါက်ပြီး အာမခံကြေးငွေ မပေးဆောင်နိုင်လျှင် အာမခံကြေးငွေပေးဆောင်မှုနှင့်ပတ်သက်ပြီး စောစီးစွာ ဆွေးနွေးတင်ပြပါ။

ဂျပန်သို့ ရောက်ခါစနှစ်တွင် စတင်ပေးဆောင်သည့် အာမခံကြေးငွေမှာ နည်းပါးသော်လည်း အချိန်ပိုင်းအလုပ် အစရှိသည်တို့မှ လစာဝင်ငွေရရှိသောသူသည် လာမည့်ဘဏ္ဍာရေးနှစ်တွင် ပေးဆောင်ရမည့် အာမခံကြေးငွေပမာဏ မြင့်မားသွားမည့် အခြေအနေရှိပါသည်။ ဝင်ငွေတစ်စိတ်တစ်ပိုင်းကို လာမည့်နှစ်တွင် အာမခံကြေးပေးဆောင်ရန်အတွက် စုဆောင်းထားရှိလျှင် စိတ်ချရမည်ဖြစ်ပါသည်။ ကျောင်းသားများအား အာမခံကြေးငွေ လျှော့ပေးသည့် စနစ်မရှိပါ။

(1) အာမခံကြေးငွေပေးဆောင်ရန်ကာလနောက်ဆုံးထားပြီး အာမခံကြေးငွေကို မပေးချေသေးလျှင် အာမခံကြေးငွေတောင်းခံလွှာကို ပေးပို့မည်ဖြစ်ပါသည်။ ထိုနောက်ပိုင်းတွင်လည်း အာမခံကြေးငွေမပေးဆောင်သေးလျှင် အချက်အလက်များအရ သတိပေးခြင်းကို လုပ်ဆောင်မည်ဖြစ်ပါသည်။ ထို့ပြင် တယ်လီဖုန်းဖြင့် သတိပေးခြင်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(2) အာမခံငွေတောင်းခံလွှာကို ပေးပို့သော်လည်း အာမခံကြေးငွေကို မပေးဆောင်သောအခြေအနေတွင် ဥပဒေအရ ပိုင်ဆိုင်မှုစစ်ဆေးခြင်းကို ပြုလုပ်ဆောင်ရွက်ပြီး အာမခံကြေးငွေမပေးဆောင်မှုကို အပြစ်ပေးခြင်း (ချိတ်ပိတ်ခြင်း) ကို လုပ်ဆောင်မည်ဖြစ်ပါသည်။

ပိုင်ဆိုင်မှုစစ်ဆေးသည့်အခါတွင် အလုပ်လုပ်ကိုင်သည့်လိပ်စာနှင့် အချိန်ပိုင်းအလုပ်လုပ်ကိုင်သည့်လိပ်စာများတွင် လစာပေးချေသည့်ပမာဏရှင်းလင်းချက်ကို တောင်းဆိုမည့်အခြေအနေများရှိမည်ဖြစ်ပါသည်။

ချိတ်ပိတ်ခြင်းဆိုသည်မှာ ဥပဒေအရ စုငွေနှင့် အိမ်ခြံမြေစသည့် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ထိန်းသိမ်းခြင်းဖြစ်ပါသည်။

(3) အာမခံကြေးငွေမပေးဆောင်လျှင် အကျုံးဝင်သည့်ကာလအပိုင်းအခြားတိုတောင်းသော အာမခံကတ်ပြားကို ထုတ်ပေးသည့် အခြေအနေရှိပါသည်။

(4) ကာလရှည်ကြာအာမခံကြေးငွေမပေးဆောင်မှုကို မဖြေရှင်းနိုင်သောအခြေအနေတွင် အာမခံကတ်ပြားအစား "ကျန်းမာရေးအာမခံရယူနိုင်ခွင့်ထောက်ခံချက်" ကို

ထုတ်ဝေပေးမည်ဖြစ်ပါသည်။ အာမခံရယူနိုင်ခွင့်ထောက်ခံချက်ကို အသုံးပြုလျှင် အာမခံဖြင့် ဆေးကုသမှုကို လက်ခံရယူနိုင်သော်လည်း ဆေးကုသမှုဌာနများတွင် ကုန်ကျမည့် ဆေးကုသစရိတ်သည် ပမာဏအားလုံး မိမိကိုယ်တိုင် ကုန်ကျခံရမည် ဖြစ်ပါသည်။ တိုရှိမမြို့နယ်မှ အာမခံထောက်ပံ့ကြေးငွေ ပြန်လည်တောင်းဆိုသည့်အခါတွင် ပြန်ရမည့်ပမာဏအား အာမခံကြေးငွေပေးချေရန်ကျန်ရှိငွေနှင့် တွက်ချက်ပေးချေသွားမည်ဖြစ်ပါသည်။

※ ကျန်းမာရေးအာမခံရယူနိုင်ခွင့်ထောက်ခံချက်ကို ဆေးရုံသို့ မပျက်မကွက် ယူဆောင်လာပေးပါရန်။

| | | |
|---|---|---|
| မေးမြန်းစုံစမ်းရန် | အာမခံကြေးစီမံရေးအဖွဲ့အစည်း | 03-3981-1294 |
| | အထူးစီမံရေးအဖွဲ့အစည်း | 03-3981-1295 |

## 12. အာမခံထောက်ပံ့ကြေးနှင့်ပတ်သက်၍

ရောဂါနှင့်ဒဏ်ရာရရှိသောအခါ အာမခံကတ်ပြားကိုပြသခြင်းဖြင့် ဆေးကုသမှုဌာနများတွင် လိုအပ်သော ဆေးကုသမှုကို ခံယူနိုင်မည်ဖြစ်ပါသည်။ ဆေးကုသမှုကို ခံယူသည့်အခါတွင် ဆေးကုသမှုဌာနများတွင် ဆေးကုသမှုစရိတ်၏ ၃၀ ရာခိုင်နှုန်း (အသက် ၆ နှစ်ပြည့်ပြီးနောက်ပိုင်း ပထမဆုံး မတ်လ ၃၁ ရက်နေ့အထိ ၂၀ ရာခိုင်နှုန်း၊ အသက် ၇၀ အထက်သည် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၃၀ ရာခိုင်နှုန်း ※ ) ကို ပေးချေပါ။ ကျန်ရစ်သောကုန်ကျစရိတ်သည် တိုရှိမမြို့နယ်မှ အကုန်အကျခံမည်ဖြစ်ပါသည်။

အကယ်၍ အာမခံကတ်ပြားကိုမပြသဘဲ ဆေးကုသမှုကိုခံယူလျှင် ဆေးကုသမှုစရိတ်အားလုံးကို ဆေးကုသမှုဌာနတွင် ပေးချေရမည်ဖြစ်ပါသည်။

ထို့အပြင် တိုရှိမမြို့နယ်မှ ပြောင်းရွှေ့ထွက်ခွာသည့်အခါနှင့် နေထိုင်ခွင့်ကာလအပိုင်းအခြားကုန်ဆုံးခြင်းစသည်၊ တိုရှိမမြို့နယ်၏ အမျိုးသားကျန်းမာရေးအာမခံအရည်အချင်းသတ်မှတ်ချက် ကုန်ဆုံးနေသော်လည်း အာမခံကတ်ပြားကို အသုံးပြုခဲ့သောအခြေအနေတွင် တိုရှိမမြို့နယ်မှ ပေးချေခဲ့သော ဆေးကုသစရိတ်ကို ပြန်လည်ပေးအပ်ရမည်ဖြစ်ပါသည်။

ထို့ပြင် အခြားသူများ၏ အာမခံကတ်ပြားကို အသုံးပြုခဲ့လျှင် ဥပဒေအရ အရေးယူခံရမည်ဖြစ်ပါသည်။

※ အသက် ၇၀ အထက် (၇၅ နှစ်အထက် မပါဝင်ပါ) ရှိသောသူကုန်ကျခံရမည့် အချိုးအစားသည် အောက်ပါအတိုင်းဖြစ်ပါသည်။

- တစ်သမတ်တည်းအထက်ဖြစ်သော ဝင်ငွေရရှိသူများသည် ၃၀ ရာခိုင်နှုန်း

- ၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက်နေ့နောက်ပိုင်းတွင် အသက် ၇၀ ပြည့်ပြီးသွားသော သူများ (တစ်သမတ်တည်း အထက်ဖြစ်သော ဝင်ငွေရရှိသူများကို မပါဝင်ဘဲ ) အသက် ၇၀ ပြည့်သော လ၏ နောက်လမှစတင်ပြီး ၂၀ ရာခိုင်နှုန်း
- အထက်ဖော်ပြပါအချက်များမှလွဲ၍ ၁၀ ရာခိုင်နှုန်း

မေးမြန်းစုံစမ်းရန် ထောက်ပံ့ကြေးအဖွဲ့အစည်း 03-3981-1296

## 13. အာမခံဖြင့် မခံယူနိုင်သည့် ဆေးကုသမှု

အောက်ဖော်ပြပါအရာများသည် အမျိုးသားကျန်းမာရေးအာမခံအသုံးပြု၍မရပါ။ ကုန်ကျငွေပမာဏအားလုံး မိမိကိုယ်တိုင် ပေးချေရမည်ဖြစ်ပါသည်။

① ကျန်းမာရေးစစ်ဆေးမှုနှင့် အခါအားလျော်စွာ ရောဂါရှာဖွေစစ်ဆေးမှုခံယူခြင်း

② ပုံမှန်ကိုယ်ဝန်ဆောင်ခြင်း၊ ပုံမှန်ကလေးမွေးဖွားခြင်း၊ အလှအပဆိုင်ရာခွဲစိတ်ပြုပြင်ခြင်းများ၊ သွားနှင့်မေးရိုးဆိုင်ရာ ကုသမှုများ

③ လုပ်ငန်းခွင်ထိခိုက်မှုများနှင့် နာမကျန်းဖြစ်ပွားမှုများ (အလုပ်သမားထိခိုက်မှုအာမခံမှ သတ်မှတ်ဖြေရှင်းမည်ဖြစ်သည်။)

④ လူနာ၏ စိတ်ဆန္ဒအလျောက် အာမခံဖြင့်မဟုတ်သော တစ်ခြားသောဆေးကုသမှုကို ခံယူသည့်အခါ

⑤ ဆေးရုံတက်ရောက်သည့်အခါ အခန်းခနှုတ်ယူသော ငွေပမာဏ (ခုတင်ခ နှုတ်ယူမှုပမာဏ)

⑥ သွားဆေးကုဌာန၌ ဆေးကုသမှုပြုလုပ်ရာတွင် အထူးပစ္စည်းများကို အသုံးပြုသည့်အခါ (လွတ်လပ်စွာဆေးစစ်ကုသမှု)

⑦ ပြစ်မှုကျူးလွန်သည့်အခါနှင့် တမင်တကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုကြောင့်ဖြစ်သော ဒဏ်ရာ ရစေမှုများ

⑧ ခိုက်ရန်ဖြစ်ပွားမှုနှင့် အရက်သေစာမူးယစ်ခြင်းကြောင့်ဖြစ်သည့် နေထိုင်မကောင်းဖြစ်မှုနှင့်ဒဏ်ရာရစေမှုများ။

မေးမြန်းစုံစမ်းရန် ထောက်ပံ့ကြေးအဖွဲ့အစည်း 03-3981-1296

## 14. ဆေးကုသမှုစရိတ်

အရေးပေါ်အချိန်စသည့် မလွှဲမရှောင်သာသော အကြောင်းရင်းဖြင့် အာမခံကတ်ပြားကို မပြသဘဲ ဆေးကုသမှုကို ခံယူခဲ့သည့်အခါ ပမာဏအားလုံးကို ယာယီအားဖြင့် မိမိဘာသာ ပေးချေရမည်ဖြစ်သော်လည်း ပြန်လည်လျှောက်ထား တောင်းဆိုခြင်းကြောင့် ကုန်ကျစရိတ်ငွေပမာဏတစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးချေပေးမည်ဖြစ်ပါသည်။ ထို့ပြင် စစ်ဆေးရေးဌာနများတွင် ထောက်ပံ့ပေးချေပေးရန်သင့်တော်သည်ဟု အသိအမှတ်ပြုခြင်း ခံရရန် လိုအပ်ပါသည်။

လျှောက်ထားတောင်းဆိုသည့်ကာလသည် ဆေးကုသမှုခံယူသည့်နေ့၏ နောက်တစ်နေ့မှစတင်ပြီး ၂ နှစ်တာ ကာလဖြစ်ပါသည်။ လျှောက်ထားတောင်းဆိုသည့် အချိန်မှ ထောက်ပံ့ပေးချေပေးမည့် အချိန်ကာလအထိ ၃ လခန့် ကြာမြင့်မည်ဖြစ်ပါသည်။

[လျှောက်ထားတောင်းဆိုရန်လိုအပ်သောအရာ]

① ဆေးကုသမှုမှတ်တမ်း

② ငွေရှင်းပြေစာ

③ အာမခံကတ်ပြား

④ ဘဏ်အကောင့်နံပါတ်

⑤ အိမ်ထောင်ဦးစီးတံဆိပ်တုံး ( နိုင်ငံခြားသားဖြစ်သော အိမ်ထောင်ဦးစီးမှာမူ လက်မှတ်လည်းရသည်။)

※ အာမခံဝင်ရောက်သည့်နေ့မှစတင်ပြီး ၁၄ ရက်ကျော်လွန်ပြီးမှ အာမခံဝင်ရောက်သည့် အကြောင်းကြားမှုကို ပြုလုပ်ခဲ့လျှင် ထိုအတောအတွင်းဆေးကုသမှုစရိတ်သည် အကြောင်းကြားမှုနောက်ကျရသည့် အကြောင်းအရင်းမှာ အရေးပေါ်ဖြစ်သည့် မလွှဲမရှောင်သာအခြေအနေမှလွဲပြီး ကျန်အခြေအနေများတွင် ကုန်ကျငွေပမာဏ အားလုံးကို ပေးချေရမည်ဖြစ်ပြီး ဆေးကုသမှုကုန်ကျစရိတ် ပြန်လည်လျှောက်ထားနိုင်မည်မဟုတ်ပါ။

### နိုင်ငံရပ်ခြားဆေးကုသမှုစရိတ်

နိုင်ငံရပ်ခြားတွင် ရောဂါ၊ ဒဏ်ရာများရရှိပြီး ဆေးကုသမှုကို ခံယူသည့်အခါတွင် ဂျပန်နိုင်ငံတွင် အာမခံဖြင့်ဆေးကုသမှုဟု အသိအမှတ်ပြုထားသည့်အရာများနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံအတွင်းတွင် အာမခံဖြင့်ဆေးကုသမှု၏ ထောက်ပံ့ကြေးပေးခြင်းကို အတိုင်းအတာတစ်ခုအနေဖြင့် ပေးအပ်မည်ဖြစ်ပါသည်။ အတိအကျဆိုရလျှင် ဂျပန်နိုင်ငံ အတွင်းတွင် အာမခံဖြင့် ဆေးကုသခွင့်ကို အတိုင်းအတာတစ်ခုအနေဖြင့် သတ်မှတ်ထားသော

ငွေပမာဏ (စံပမာဏ) နှင့် လက်တွေ့ကုန်ကျမည့်ပမာဏကို နှိုင်းယှဉ်ပြီး ပိုမိုနည်းပါးသော ငွေပမာဏမှ တစ်စိတ်တစ်ပိုင်းပေးချေရမည့် အချိုးကျပမာဏကို ဖယ်ရှား ထားသည့် ငွေပမာဏဖြစ်ပါမည်။ ဆေးကုသမှုကုန်ကျစရိတ် ပမာဏအားလုံးကို ယာယီ ပေးချေထားပြီး ဂျပန်သို့ပြန်ရောက်ပြီးနောက် ပြန်လည်လျှောက်ထားတောင်းဆိုပါ။ (ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံရပ်ခြားသို့သွားရောက်ခဲ့သည့်အခြေအနေများသည် အသိအမှတ်သတ်မှတ်ခံရမည်မဟုတ်ပါ။)

[ပြန်လည်လျှောက်ထားတောင်းဆိုရန်လိုအပ်သည့်အရာ]

① ငွေရှင်းလွှာအသေးစိတ် (နိုင်ငံခြားဘာသာရပ်ဖြင့် ရေးသားထားသောအခြေအနေတွင် ဂျပန်ဘာသာဖြင့် ဘာသာပြန်ထားခြင်း မဖြစ်မနေ လိုအပ်ပါသည်။)

② ဆေးကုသမှုအကြောင်းအရာထောက်ခံချက်စသည့် ဆေးကုသမှုအကြောင်းအရာများကိုနားလည်နိုင်သည့် စာရွက်စာတမ်း (နိုင်ငံခြားဘာသာရပ်ဖြင့် ရေးသားထားသော အခြေအနေတွင် ဂျပန်ဘာသာဖြင့် ဘာသာပြန်ထားခြင်း မဖြစ်မနေ လိုအပ်ပါသည်။)

③ ငွေရှင်းပြေစာ (နိုင်ငံခြားဘာသာရပ်ဖြင့် ရေးသားထားသောအခြေအနေတွင် ဂျပန်ဘာသာဖြင့်ဘာသာပြန်ထားခြင်း မဖြစ်မနေလိုအပ်ပါသည်။)

④ အာမခံကတ်ပြား

⑤ ဘဏ်အကောင့်နံပါတ်

⑥ အိမ်ထောင်ဦးစီး၏တံဆိပ်တုံး (နိုင်ငံခြားသားဖြစ်သော အိမ်ထောင်ဦးစီးမှာမူ လက်မှတ်လည်းရသည်။)

⑦ ဆေးကုသမှုခံယူသူ၏နိုင်ငံကူးလက်မှတ်

① နှင့် ② တွင်အသုံးပြုသော လျှောက်လွှာသည် ထောက်ပံ့ကြေးအုပ်စုတွင် တောင်းဆိုပါ။ (ပင်မစာမျက်နှာမှလည်း ဒေါင်းလုတ်ပြုလုပ်နိုင်ပါသည်။)

※ လျှောက်ထားသည့်ကာလသည် ဆေးကုသမှုခံယူသည့်နေ့၏ နောက်တစ်နေ့မှစတင်ပြီး ၂ နှစ်တာကာလဖြစ်ပါသည်။

မေးမြန်းစုံစမ်းရန် ထောက်ပံ့ကြေးအဖွဲ့အစည်း 03-3981-1296

## 15. မြင့်မားသော ဆေးကုသမှုစရိတ်

ဆေးကုသမှုဌာနများတွင် မြင့်မားသောကုန်ကျစရိတ်၏ တစ်စိတ်တစ်ပိုင်းအား ပေးချေပြီးပါက လျှောက်ထားချက်အရ သတ်မှတ်ထားသော ကုန်ကျစရိတ်ထက် ကျော်လွန်သည့် ပမာဏကို ထောက်ပံ့ပေးပါမည်။ မြင့်မားသော ဆေးကုသမှုစရိတ်နှင့် သက်ဆိုင်သည့် သူများဆီသို့ ဆေးကုသသည့်လမှ ၃ လကြာပြီးနောက်ပိုင်းတွင် အိမ်ထောင်ဦးစီးအားလိပ်မူ၍ "မြင့်မားသော ဆေးကုသမှုစရိတ်အား လျှောက်ထားခြင်းနှင့်ပတ်သက်၍" ဆိုသည့် အကြောင်းကြားစာကို ပေးပို့ပါမည်။ အကြောင်းကြားစာရောက်ရှိလာပါက လျှောက်ထားပါ။

※ သတ်မှတ်ထားသော ကုန်ကျစရိတ်ကိုသာပေးဆောင်မည့် ထောက်ခံစာကိုပြသပါက ဆေးကုသမှုဌာနသို့ မိမိဘာသာ ပေးချေရန်သတ်မှတ်ထားသော ပမာဏအထိ သာပေးဆောင်ရပါမည်။ သက်သေခံကတ်ပြားအား ယူဆောင်ပြီးမှ သတ်မှတ်ထားသော ကုန်ကျစရိတ်ကိုသာပေးဆောင်မည့်ထောက်ခံစာအား လျှောက်ထားပါ (အာမခံကြေးမပေးဆောင်ရသေးပါက သတ်မှတ်ထားသော ကုန်ကျစရိတ်ကိုသာ ပေးဆောင်မည့် ထောက်ခံစာအား ထုတ်ပေး၍ မရသည့်အခါမျိုးလည်းရှိပါသည်)၊

မေးမြန်းစုံစမ်းရန် ထောက်ပံ့ကြေးအဖွဲ့အစည်း 03-3981-1296

## 16. ကလေးမွေးဖွားခြင်းနှင့်ပြုစုခြင်းအတွက် ယာယီထောက်ပံ့ကြေး

တိုရှိမမြို့နယ်၏အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားသူများသည် ကလေးမွေးဖွားသည့်အခါ ထောက်ပံ့ကြေး ရရှိမည် ဖြစ်ပါသည်။

ကလေးမွေးဖွားခြင်းနှင့် ပြုစုခြင်းအတွက်ယာယီထောက်ပံ့ကြေးနှင့် ပတ်သက်ပြီး တိုရှိမမြို့နယ်၏ အမျိုးသား ကျန်းမာရေးအာမခံမှ ထောက်ပံ့ပေးအပ်သည့် ကလေးမွေးဖွားခြင်းနှင့်ပြုစုခြင်းအတွက်ယာယီထောက်ပံ့ကြေး ယန်း ၄၂ သောင်းကို အကန့်အသတ်ဖြင့် ဆေးကုသမှုဌာနများကို တိုက်ရိုက်ပေးချေနိုင်သော "တိုက်ရိုက်ပေးချေမှုစနစ်" သို့မဟုတ် "ကိုယ်စားလက်ခံရယူမှုစနစ်" ကို အသုံးပြုနိုင်ပါသည်။ ခြွင်းချက်အနေဖြင့် ဆေးကုသမှုဌာနများပေါ်တွင်မူတည်ပြီး ထိုစနစ်များကို လက်ခံကျင့်သုံးခြင်းမရှိသော အခြေအနေများလည်းရှိသောကြောင့် ဆေးကုသမှုဌာနများတွင် စုံစမ်းမေးမြန်းပါ။

ထို့ပြင် "တိုက်ရိုက်ပေးချေမှုစနစ်" ကိုအသုံးပြုပြီး မွေးဖွားစရိတ် ယန်း ၄၂ သောင်းပြည့်မီအောင် မပေးချေခဲ့သောအခြေအနေတွင် ပြန်လည်ဖြတ်တောက်သော ငွေကြေးပမာဏနှင့် ထိုစနစ်များကို အသုံးမပြုသောအခြေအနေတွင် ကလေးမွေးဖွားပြီး နောက်၌

အမျိုးသားကျန်းမာရေးအာမခံဌာနတွင် လျှောက်ထားပါ။

| အမျိုးအစား | ထောက်ပံ့ကြေးငွေပမာဏ | လိုအပ်သည့်အရာ |
|---|---|---|
| ကလေး<br>မွေးဖွားခြင်း<br>နှင့်ပြုစုခြင်း<br>အတွက်<br>ယာယီ<br>ထောက်ပံ့ကြေး | ယန်း 420,000 | ① မွေးဖွားသူ၏အာမခံကတ်ပြား<br>② မိခင်နှင့်ကလေး၏ကျန်းမာရေးမှတ်တမ်း<br>③ အိမ်ထောင်ဦးစီး၏တံဆိပ်တုံး<br>④ ဘဏ်အကောင့်နံပါတ်<br>⑤ ကုန်ကျစရိတ်အသေးစိတ်ကိုရေးသွင်းထားသော<br>အချက်အလက်အသေးစိတ် (မူရင်းစာအုပ်)<br>⑥ ဆေးကုသမှုဌာနများနှင့်ဆက်သွယ်ထားသည့်<br>သဘောတူညီချက်စာရွက် (မူရင်းစာအုပ်)<br>※ "ကိုယ်စားလက်ခံရယူသည့်စနစ်" ကို အသုံးပြုသည့်အခြေအနေသည်<br>အထက်ဖော်ပြပါ နံပါတ် ⑤ ⑥ သည် မလိုအပ်ပါ။ (ကလေးမမွေးဖွားခင်တွင်<br>တိုရှိမမြို့နယ်သို့လျှောက်ထားတင်ပြပါ။ မွေးဖွားမည့် ခန့်မှန်းရက်မတိုင်ခင် ၂<br>လအလိုမှစ၍ လျှောက်ထားနိုင်ပါသည်။)<br>※ နိုင်ငံရပ်ခြားတွင် မွေးဖွားခဲ့သောသူသည် အထက်တွင်ဖော်ပြထားသော<br>နံပါတ် ① မှ ④ အပြင် နိုင်ငံကူးလက်မှတ်၊ ကလေးမွေးဖွားသည့်ထောက်ခံချက်<br>(မူရင်းစာအုပ်)နှင့် ထိုထောက်ခံချက်ကို ဂျပန်ဘာသာသို့ ဘာသာပြန်ထားသော<br>စာရွက်စာတမ်းမဖြစ်မနေလိုအပ်ပါသည်။ |
| | ကိုယ်ဝန် 85 ရက်အထက်<br>ကလေးအသေ မွေးခြင်း၊ ကလေးပျက်<br>ကျခြင်းသည်လည်းအတူတူပင်ဖြစ်သည်။ | အထက်တွင်ဖော်ပြထားသော နံပါတ် ① မှ ⑥ အပြင် ဆေးကုသမှုမှတ်တမ်း |

※ နိုင်ငံရပ်ခြားတွင် ကလေးမွေးဖွားခဲ့သောသူသည် ဂျပန်နိုင်ငံသို့ပြန်ရောက်ပြီးနောက်တွင်မှ လျှောက်ထားရမည်ဖြစ်ပါသည်။

※ အခြားပြည်သူ့ကျန်းမာရေးအာမခံ (ကျန်းမာရေးအာမခံအဖွဲ့အစည်းနှင့် ဂျပန်ကျန်းမာရေးအာမခံအဖွဲ့အစည်းစသည်) များမှ ထောက်ပံ့ကြေးရရှိမည့်သူသည် အမျိုးသားကျန်းမာရေး အာမခံမှထောက်ပံ့ကြေးရရှိမည်မဟုတ်ပါ။

ဥပမာ) အခြားပြည်သူ့ကျန်းမာရေးအာမခံများတွင် ကာယကံရှင်အနေဖြင့် တစ်နှစ်ထက်ပို၍ အာမခံဝင်ရောက်ထားပြီး အာမခံရယူနိုင်ခွင့်ပျက်ပြယ်ပြီးနောက် ၆ လအတွင်းတွင် ကလေးမွေးဖွားခဲ့လျှင်

※ လျှောက်ထားရမည့်ကာလသည် အမှန်တကယ်မွေးဖွားသည့်နေ့၏ နောက်တစ်နေ့မှစတင်ပြီး ၂ နှစ်တာ ကာလဖြစ်ပါသည်။

※ ကလေးမွေးဖွားသည့်နေ့တွင် အမျိုးသားကျန်းမာရေးအာမခံရယူနိုင်ခွင့် ပျက်ပြယ်ခဲ့ပါက

ထောက်ပံ့ကြေးပေးအပ်ခံရ မည်မဟုတ်ပါ။

မေးမြန်းစုံစမ်းရန် ထောက်ပံ့ကြေးအဖွဲ့အစည်း 03-3981-1296

## 17. သူနာပြုစုစောင့်ရှောက်မှုအာမခံစနစ်

သူနာပြုစုစောင့်ရှောက်မှုအာမခံသည် "သူနာပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှု လိုအပ်သည့်အခါ" တွင် သူနာပြုစုစောင့်ရှောက်ပေးရန်လိုအပ်သူနှင့် ထိုမိသားစုကို လူမှုအဖွဲ့အစည်းတစ်ခုလုံးမှ ထောက်ပံ့ကူညီသည့်စနစ် ဖြစ်ပါသည်။

အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားသူများထဲတွင် အသက် ၆၅ နှစ်အထက်ရှိသောသူသည် အမျိုးသားကျန်းမာရေး အာမခံကြေးအပြင် သူနာပြုစုစောင့်ရှောက်မှုအာမခံကြေးကို ပေးချေရမည် ဖြစ်ပါသည်။

ထို့အပြင် အသက် ၄၀ မှစပြီး အသက် ၆၄ နှစ်အထိရှိသောသူသည် အမျိုးသားကျန်းမာရေးအာမခံကြေးပေးချေသည့်အခါ သူနာပြုစုစောင့်ရှောက်မှုအာမခံကြေးကို အတူတကွတွဲဖက်ပြီး ပေးချေရမည်ဖြစ်ပါသည်။

သူနာပြုစုစောင့်ရှောက်မှုလိုအပ်သောအခြေအနေတွင် မြို့နယ်၏အတည်ပြုသတ်မှတ်ချက်အရ သူနာပြုစုစောင့်ရှောက်မှုအာမခံဝန်ဆောင်မှုကို အသုံးပြုနိုင်ပါသည်။ သူနာပြုစုစောင့်ရှောက်မှု လိုအပ်သောအခြေအနေအတည်ပြု သတ်မှတ်ချက်တောင်းဆိုခြင်းနှင့် သူနာပြုစုစောင့်ရှောက်မှုအာမခံဝန်ဆောင်မှု စသည်တို့နှင့်ပတ်သက်ပြီး သူနာပြုစု စောင့်ရှောက်မှုအာမခံ ဌာနတွင် မေးမြန်းစုံစမ်းပါ။

မေးမြန်းစုံစမ်းရန် သူနာပြုစုစောင့်ရှောက်မှုအာမခံဌာန ဆွေးနွေးတိုင်ပင်မှုအဖွဲ့အစည်း 03-3981-1318

## 18. ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း

လူတိုင်းလူတိုင်း ကျန်းကျန်းမာမာဖြင့် ဖျတ်လတ်တက်ကြွသည့် နေ့စဉ်ဘဝကိုရရှိရန်အတွက် အောက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိနေပါသည်။ အသေးစိတ်အကြောင်းအရာများနှင့် ပတ်သက်ပြီး မေးမြန်းစုံစမ်းပါ။

(1) နေ့ချင်းပြန် ရေပူစမ်းပို့ဆောင်ပြီး ရေချိုးစေသည့် ဝန်ဆောင်မှု၏လျှော့ဈေး အသုံးပြုလက်မှတ် ဖြန့်ဝေခြင်း

နေ့ချင်းပြန်ရေပူစမ်းပို့ဆောင်ပြီး ရေချိုးစေသည့် ဝန်ဆောင်မှု၏လျှော့ဈေး အသုံးပြု လက်မှတ် ဖြန့်ဝေခြင်းကို လုပ်ဆောင်နေပါသည်။

(2) အမျိုးသားကျန်းမာရေးအာမခံမှ ချိတ်ဆက်သတ်မှတ်ထားသော တည်းခိုခန်းများ

သာမာန်တည်းခိုစရိတ်ထက် ပိုပြီးစရိတ်စကသက်သာသော အခကြေးငွေဖြစ်ပြီး အသုံးပြုနိုင်စေရန် ရေပူစမ်း တည်ရှိသည့်ဒေသများတွင်ရှိသော တည်းခိုခန်းများနှင့် စာချုပ်ချုပ်ဆိုထားပါသည်။

မေးမြန်းစုံစမ်းရန် စီမံခန့်ခွဲမှုအဖွဲ့အစည်း 03-3981-1923

## 19. အထူးကျန်းမာရေးစစ်ဆေးမှု၊ အထူးကျန်းမာရေးလမ်းညွှန်

နေ့စဉ်နေထိုင်စားသောက်မှုအလေ့အထနှင့်ဆိုင်သော ရောဂါဝေဒနာများဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ကိုယ်တွင်းဇီဝဖြစ်ပျက်မှုရောဂါလက္ခဏာများကို အာရုံစိုက်သတိမူသည့် အထူးကျန်းမာရေးစစ်ဆေးမှု၊ အထူးကျန်းမာရေးလမ်းညွှန်မှုများကို လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်နေပါသည်။

(1) အထူးကျန်းမာရေးစစ်ဆေးမှု

တိုရှိမမြို့နယ်အမျိုးသားကျန်းမာရေးအာမခံဝင်ရောက်ထားသည့် အသက် ၄၀ မှ အသက် ၇၄ နှစ်အတွင်း ရှိသောသူများအတွက် အထူးကျန်းမာရေးစစ်ဆေးပေးမှုကို လုပ်ဆောင်ပေးလျက်ရှိနေပါသည်။ ကိုယ်တွင်းဇီဝဖြစ်ပျက်မှု ရောဂါလက္ခဏာများ ပေါ်ပေါက်စေသော အကြောင်းအရင်းဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ အဆီဖုံးပြီး အဝလွန်သူများသည် နေ့စဉ်နေထိုင်စားသောက်မှုအလေ့အထနှင့်ဆိုင်သော ရောဂါများဖြစ်ပွားနိုင်မှု မြင့်မားသည့်အလားအလာရှိသည်ကို နားလည်ထားကြပါသည်။
ထို့ကြောင့် အထူးကျန်းမာရေးစစ်ဆေးမှုများတွင် ဝမ်းတွင်းအခြေအနေများကို တိုင်းတာစစ်ဆေးခြင်းစသည့် ဆေးကုသမှုအကြောင်းအရာများကို ထပ်ပေါင်းလုပ်ဆောင်ပြီး ကိုယ်တွင်းဝဖြစ်ပျက်မှုရောဂါလက္ခဏာများနှင့် အကျုံးဝင် သက်ဆိုင်သည့်သူများနှင့် ထိုရောဂါလက္ခဏာများဖြစ်ပွားရန် အလားအလာရှိသောသူများထံမှရရှိသော ရှာဖွေတွေ့ရှိချက်များကို ဇီအလေးအနက်ထား အာရုံစိုက်လျက်ရှိနေပါသည်။

(2) အထူးကျန်းမာရေးလမ်းညွှန်မှု

ကျန်းမာရေးလမ်းညွှန်မှုဆိုသည်မှာ အထူးကျန်းမာရေးစစ်ဆေးမှု၏ရလဒ်မှ နေ့စဉ်နေထိုင်စားသောက်မှု အလေ့အထများကို ပြုပြင် ပြောင်းလဲရန်လိုအပ်သောသူများအား အထူးသက်ဆိုင်ရာဆေးပညာနယ်ပယ်မှ အထူးဝန်ထမ်းများ (ကျန်းမာရေးမှူး၊ အာဟာရဗေဒကြီးကြပ်ရေးမှူး) များက ကိုယ်တွင်းဇီဝဖြစ်ပျက်မှုရောဂါလက္ခဏာများကြိုတင်ကာကွယ်ခြင်း၊ ပြုပြင်ပြောင်းလဲရန်လိုအပ်ချက်များတွင် အသုံးဝင်မည့်သတင်းအချက်အလက်များကို ပေးအပ်ခြင်းနှင့် အကြံညာဏ် ပေးခြင်းများကို ပြုလုပ်ပေးခြင်းများရှိသလို မိမိကိုယ်တိုင်သည်လည်း မိမိ၏နေ့စဉ်နေထိုင်စားသောက်မှု အလေ့အထများကို ပိုကောင်းအောင် ပြန်လည်ပြုပြင်ရန်လည်း လိုအပ်ပါသည်။

အစဉ်အမြဲကျန်းမာနေစေရန်အတွက် ကြိုတင်ကာကွယ်မှုပြုလုပ်ရန်သည် အရာအားလုံးထက်ပို၍ အရေးအကြီးဆုံးဖြစ်ပါသည်။ နေ့စဉ်နေထိုင်စားသောက်မှုအလေ့အထကို ပြန်လည်စစ်ဆေးပြီး မိမိနှင့်ကိုက်ညီသည့် ကျန်းမာရေးဖြစ်စေရန် ပြုပြင် ပြောင်းလဲပါ။ (ကျန်းမာရေးနှင့်ပတ်သက်သော အကျိုးကျေးဇူးများရရှိရန်)

မေးမြန်းစုံစမ်းရန် ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုဌာန ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့အစည်း

03-3987-4660

## 20. ဆီးချိုရောဂါကာကွယ်ရေးအတွက်ကျန်းမာရေးစောင့်ရှောက်မှုလမ်းညွှန်ရည်ရွယ်သတ်မှတ်ထားသူများ

အထူးကျန်းမာရေးစစ်ဆေးမှုရလဒ်အရ HbA1c (ဟေမိုဂလိုဘင် A1c)6.06.4%ရှိသောသူဖြစ်ပြီး ဆီးချိုရောဂါကုသမှု ဆေးဝါးကို သောက်သုံးလျက်မရှိသည့်သူဖြစ်သည်။ ခြွင်းချက်ဆိုရသော် အထူးကျန်းမာရေး စောင့်ရှောက်မှု လမ်းညွှန်ချက်တွင် သက်ဆိုင်အကျုံးဝင်မှုရှိသောသူများမပါဝင်ပါ။

ဆီးချိုရောဂါဖြစ်နိုင်ချေရှိသောသူများအား သက်ဆိုင်ရာဆေးပညာနယ်ပယ်မှ ဝန်ထမ်းများ (ကျန်းမာရေးမှူး၊ အာဟာရဗေဒကြီးကြပ်ရေးမှူး) များက ဆီးချိုရောဂါနှင့်ပတ်သက်သောသတင်းအချက်အလက်ပေးအပ်ခြင်းများနှင့် အစားအစာစားသောက်ခြင်း၊ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ နေ့စဉ်နေထိုင်စားသောက်မှုအလေ့အထပြင်ဆင် ပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး အကြံညာဏ်ပေးခြင်းများကို အကောင်အထည်ဖော်လုပ်ဆောင်လျက် ရှိပါသည်။

နေ့စဉ်နေထိုင် စားသောက်မှုအလေ့အထများကို ပြန်လည်ပြုပြင်ခြင်းဖြင့် ဆီးချိုရောဂါလက္ခဏာများဖြစ်ပေါ်ခြင်းမှ ကာကွယ်ပြီး ကျန်းမာသော နေ့စဉ်ဘဝကို ရရှိစေရန် ထောက်ပံ့

ကူညီပေးနေပါသည်။

မေးမြန်းစုံစမ်းရန် ဒေသတွင်းကျန်းမာရေးစောင့်ရှောက်မှုဌာန ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖွဲ့အစည်း

03-3987-4660

## 21. နောက်ပိုင်းကာလသက်ကြီးရွယ်အိုများဆေးကုသမှုစနစ်

အသက် ၇၅ နှစ်ပြည့်ပြီးသောသူများသည် နောက်ပိုင်းကာလသက်ကြီးရွယ်အိုဆေးကုသမှုစနစ်တွင် အာမခံဝင်ရောက်ထားသူများဖြစ်ပါသည်။

သတ်မှတ်ထားသော အရည်အချင်းသတ်မှတ်ချက်အခြေအနေတောင်းဆိုခြင်းနှင့် လုပ်ဆောင်မှုကိစ္စအဆင့်ဆင့်၊ အာမခံကြေးစသည့် အသေးစိတ်အချက်အလက်များနှင့်ပတ်သက်ပြီး သက်ကြီးရွယ်အိုများ ဆေးကုသမှု ရန်ပုံငွေဌာနတွင် မေးမြန်းစုံစမ်းပါ။

မေးမြန်းစုံစမ်းရန် သက်ကြီးရွယ်အိုများဆေးကုသမှုရန်ပုံငွေဌာန ၇၅ နှစ်အထက်သက်ကြီးရွယ်အိုများဆေးကုသမှုအုပ်စု

03-3981-1332

အမျိုးသားကျန်းမာရေးအာမခံကြေးပေးဆောင်လွှာပေါ်တွင်ပါရှိသော ပေးဆောင်ရန်အချက်များနှင့်ပတ်သက်ပြီး




ဘဏ်အကောင့်မှ ငွေလွှဲခြင်းမလုပ်နိုင်သောအခြေအနေတွင် ဤအာမခံကြေးပေးဆောင်လွှာဖြင့် အာမခံကြေး ပေးဆောင်ရမည့်ရက်ကို နောက်ဆုံးထားပြီး နီးစပ်ရာ Convenience Store များ သို့မဟုတ် ဘဏ်များတွင် အမျိုးသားအာမခံကြေးကို ပေးဆောင်ပါ။

တိုရှိမမြို့နယ်၊ မြို့နယ်ရုံး၊ အမျိုးသားကျန်းမာရေးဌာန

အမှတ် 2 - 45 – 1 မိနမိအိခဲဘုခုရို၊ တိုရှိမမြို့နယ်၊

ဖုန်းနံပါတ် : 03 ( 3981 ) 1111 (ပင်မဖုန်းလိုင်း)